# ကြီးမားသော မျှော်လင့်ချက်များ

## သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု အကူအညီများအတွက် အာဆီယံ၏ ပူးပေါင်းဆောင်ရွက်ရေးစင်တာအပေါ် လေ့လာသုံးသပ်ခြင်း

# မာတိကာ


လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်း ..... 5

အာဆီယံ၏တုံ့ပြန်မှု ..... 10

AHA Centre ..... 14

ယခင်ကရှိခဲ့သော မြန်မာနိုင်ငံနှင့် ပတ်သက်ဆက်နွယ်မှုများ ..... 15

AHA Centre မှတစ်ဆင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီ ပေးပို့ ဖြန့်ဝေရာတွင် ကျရောက်လာနိုင်သည့် အန္တရာယ်များ ..... 19

AHA Centre မဟုတ်သော အခြားနည်းလမ်းများနှင့် ရှေ့ဆက်ရန်လမ်းကြောင်း ..... 23

အကြံပြုတိုက်တွန်းချက်များ ..... 27

အာဆီယံ ..... 27

နိုင်ငံတကာ အလှူရှင်များနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများ ..... 28

COVID-19 ဆိုင်ရာ ..... 29

ဤစာတမ်းတိုတွင် မြန်မာစစ်အုပ်စု၏ အာဏာသိမ်းရန် ကြိုးပမ်းမှုကြောင့် ဖြစ်ပွားလာခဲ့သည့် ဆိုးရွားသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများကို သုံးသပ်ထားပြီး အာဆီယံ၏တုံ့ပြန်မှု၊ နှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု အကူအညီများအတွက် အာဆီယံ၏ ပူးပေါင်းဆောင်ရွက်ရေးစင်တာ (ASEAN Coordinating Centre for Humanitarian Assistance on disaster management - AHA Centre) ၏အခန်းကဏ္ဍကို ဆန်းစစ်ထားသည့်အပြင် ရှေ့ဆက်သွားနိုင်ရန်အတွက် အာဆီယံနှင့် ကျယ်ပြန့်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကဏ္ဍအပေါ် သက်ရောက်သည့် ဂယက်များကိုလည်း ဆွေးနွေးတင်ပြထားပါသည်။ စာတမ်းတို၏ အဆုံးတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းအပေါ် ထိရောက်ပြီး အလုပ်တွင်ကျယ်စေမည့် အကြံပြုတိုက်တွန်းချက်များကိုလည်း အကျဉ်းချုပ်တင်ပြထားပါသည်။

## အဓိကသတင်းစကားများ

- စစ်အုပ်စု၏ အာဏာသိမ်းရန် ကြိုးပမ်းမှု (၆) လတာကာလ ရှိလာသည့်အချိန်အထိ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ (UN Security Council – UNSC) သည် မြန်မာနိုင်ငံအတွင်းရှိ လူ့အခွင့်အရေး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် COVID-19 ကပ်ရောဂါဆိုင်ရာ အကျပ်အတည်းများကို ကိုင်တွယ်ဖြေရှင်းရေးအတွက် တိကျသေချာသောအရေးယူဆောင်ရွက်မှု မရှိသလောက် ဖြစ်ခဲ့သည်။ ထိုအစား ကုလသမဂ္ဂနှင့် အစိုးရများသည် ဒေသတွင်းအဖွဲ့ဖြစ်သည့် အာဆီယံကို သံတမန်ရေးရာနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်သည့် အပိုင်းတွင် ဦးဆောင်စေခြင်းဖြင့် ၎င်းတို့၏ တာဝန်ကို လစ်ဟင်းပျက်ကွက်ခဲ့သည်။ ၂၀၂၁ ခုနှစ် ဧပြီလ ၂၄ ရက်နေ့တွင် ကျင်းပသည့် အာဆီယံခေါင်းဆောင်များအစည်းအဝေး၌ အာဆီယံ ခေါင်းဆောင်များနှင့် စစ်အုပ်စုခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့ တွေ့ဆုံခဲ့ကြပြီး ဘုံသဘောတူညီချက် (၅) ချက် ချမှတ်ခဲ့သည်။ သို့သော် ယင်းအစည်းအဝေး ကျင်းပပြီး ရက်ပေါင်း ၁၀၀ ကြာခဲ့သော်လည်း မြန်မာနိုင်ငံသို့ စေလွှတ်မည့် အထူးကိုယ်စားလှယ်ရွေးချယ်ရေးကိစ္စမှာ လိပ်ခဲတည်းလည်းဖြစ်နေပြီး ထိုဘုံသဘောတူညီချက် (၅) ချက်ကို လျင်မြန်စွာ အကောင်အထည် ဖော်ဆောင်နိုင်ခြင်း မရှိပေ။
- AHA Centre သည် ၂၀၁၁ ခုနှစ်တွင် အာဆီယံအစိုးရများမှ ဖွဲ့စည်းတည်ထောင်ထားသည့် အစိုးရအချင်းချင်း ဆက်စပ်လုပ်ဆောင်သော စင်တာတစ်ခုဖြစ်ပြီး အဓိကအားဖြင့် နိုင်ငံအဆင့် ပူးပေါင်းဆောင်ရွက်မှုများကို သက်ဆိုင်ရာ အာဆီယံနိုင်ငံများရှိ နိုင်ငံအဆင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဆိုင်ရာ အဖွဲ့အစည်းများ (National Disaster Management Organizations – NDMOs) နှင့် ပူးပေါင်းဆောင်ရွက်သည်။ AHA Centre ကို အာဆီယံနိုင်ငံများက ရံပုံငွေ ထည့်ဝင်ကြပြီး AHA Centre ၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကူညီကယ်ဆယ်ရေးနှင့် အရေးပေါ်တုံ့ပြန်မှု ပူးတွဲလုပ်ငန်းများ၏ ဒေသဆိုင်ရာ အရန်သင့်ပြင်ဆင်ထားသော အစီအစဉ်များနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းလည်ပတ်မှု လုပ်ထုံးလုပ်နည်းများ (Standard Operating Procedure for Regional Standby Arrangements and Coordination of Joint Disaster Relief and Emergency Response Operations - SASOP) ထဲတွင် အကူအညီ လက်ခံရရှိသူဖြစ်မည့် မြန်မာနိုင်ငံကို “၎င်း၏

နယ်နမိတ်အတွင်း အကူအညီ ထောက်ပံ့မှုများဆိုင်ရာ ညွှန်ကြားမှု၊ ထိန်းချုပ်မှု၊ ညှိနှိုင်းမှုများနှင့် စီမံဆောင်ရွက်မှု အလုံးစုံကို ကျင့်သုံးဆောင်ရွက်ရန်” ခွင့်ပြုထားသည်။ AHA Centre ၏ အုပ်ချုပ်ရေးဆိုင်ရာ ဘုတ်အဖွဲ့အတွင်းရှိ မြန်မာနိုင်ငံ၏ အခန်းကဏ္ဍသည်လည်း AHA Centre ၏ သီးခြားလွတ်လပ်မှု ကင်းမဲ့နေခြင်းကို ဖော်ပြနေပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီဖြန့်ဝေရာတွင် AHA Centre သည် မည်သူနှင့်ပူးပေါင်းဆောင်ရွက်ရမည် ဆိုသည့်အချက် အပါအဝင် လုပ်ငန်းလည်ပတ်မှု သတ်မှတ်ချက် များကိုလည်း စစ်အုပ်စုမှ ချယ်လှယ်နိုင်ရန် ခွင့်ပြုရာရောက်သည်။

- မြန်မာနိုင်ငံ၏ လက်ရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများကို ကိုင်တွယ်ဖြေရှင်းရာတွင် ထိုအကျပ်အတည်းများအား ဖန်တီးထားသူများမှ ရံပုံငွေ ထည့်ဝင်စေခြင်း၊ ခွင့်ပြုချက်များပေးစေခြင်းနှင့် ထောက်ပံ့ကူညီမှုများကို ဖြန့်ဝေသည့် မိတ်ဖက်အဖြစ် ပါဝင်ဆောင်ရွက်စေခြင်း တို့ကြောင့် AHA Centre ၏ လုပ်ငန်းလည်ပတ်မှုသည် နက်ရှိုင်းသော ပြဿနာများ ရှိနေသည်။
- ရခိုင်ပြည်နယ်အတွင်း ရိုဟင်ဂျာအကျပ်အတည်း ဖြစ်ပွားစဉ်က AHA Centre ၏ တုံ့ပြန်မှုကို ပြန်လည်သုံးသပ်ကြည့်မည်ဆိုလျှင် ၎င်းသည် သဘာဝဘေးအန္တရာယ် တုံ့ပြန်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်သာရှိသည့် အနေအထားတွင် ပဋိပက္ခနှင့် ဆက်စပ်သည့် အတွေ့အကြုံ အနည်းအကျဉ်းသာ ရှိသည်ကို တွေ့ရပြီး “လူကဖန်တီးထားသော” လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းနှင့် နိုင်ငံတော်ကပံ့ပိုးသော အကြမ်းဖက်မှုများကို တုံ့ပြန်နိုင်သည့် အနေအထား မရှိခဲ့ပေ။
- AHA Centre မှတစ်ဆင့် ထောက်ပံ့ကူညီမှုများ ဖြန့်ဝေလုပ်ဆောင်ရာတွင် အန္တရာယ် ကျရောက်နိုင်သည့် အခြေအနေများစွာ ရှိနေသည်။ ထိုအထဲတွင် ဒေသတွင်းနှင့် နိုင်ငံတကာ၌ စစ်အုပ်စု၏ ရပ်တည်နိုင်မှုကို ခိုင်မာစေခြင်း၊ စစ်အုပ်စုက ၎င်းတို့သည် ပြည်သူအားကာကွယ်နေသူများအဖြစ် ၎င်းတို့ကို ၎င်းတို့ ပုံဖော်ရန်နှင့် ၎င်းတို့၏ နိုင်ငံရေးအစီအစဉ်ကို ပိုမိုအားကောင်းစေခြင်း၊ အကူအညီများ ထောက်ပံ့ခြင်းကို တင်းကျပ်စွာ ကန့်သတ်ခြင်းနှင့် ထိန်းချုပ်ခြင်း၊ ပြည်သူလူထုက အယုံအကြည် မရှိသောကြောင့် ထောက်ပံ့ ကူညီမှုများကို ငြင်းပယ်ခြင်း၊ နှင့် အကူအညီများနှင့် COVID-19 ဆိုင်ရာ အထောက်အပံ့ ပစ္စည်းများကို စစ်အုပ်စုက ၎င်းနှင့် ၎င်းတို့၏ မိသားစုများအတွက် သိမ်းဆည်းခြင်း တို့ပါဝင်သည်။
- အာဆီယံနှင့် နိုင်ငံတကာအသိုင်းအဝန်းအနေဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့် COVID-19 ဆိုင်ရာ အထောက်အပံ့ ပစ္စည်းများကို AHA Centre မှတစ်ဆင့် ပေးပို့ဖြန့်ဝေမည့်အစား မြန်မာနိုင်ငံ၏ ကြားဖြတ်အစိုးရဖြစ်သည့် အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government - NUG) နှင့် တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်း (Ethnic Health Organization - EHO) များမှ မကြာသေးမီက ဖွဲ့စည်းထားသော COVID-19 ကာကွယ်ထိန်းချုပ်ကုသရေးအဖွဲ့ (COVID-19 Task Force – CTF) မှတစ်ဆင့် ဖြစ်စေ၊ နယ်စပ်ဖြတ်ကျော် လမ်းကြောင်းများဖြင့် ဒေသခံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကွန်ရက်များ၊ တိုင်းရင်းသားဝန်ဆောင်မှုပေးသူများ၊ လူထုအခြေပြုအဖွဲ့အစည်း (CBO) များနှင့် အရပ်ဘက် လူထုအဖွဲ့အစည်း (CSO) များမှတစ်ဆင့်ဖြစ်စေ ပေးပို့ဖြန့်ဝေနိုင်သည်။

# လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်း

ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်အုပ်စု၏ အာဏာသိမ်းရန် ကြိုးပမ်းမှုက နိုင်ငံရေး၊ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများကို ဖန်တီးခဲ့သည်။ မြန်မာပြည်သူများသည် အာဏာသိမ်းစစ်အုပ်စုအပေါ် လနှင့်ချီပြီး လမ်းပေါ်ထွက် ကန့်ကွက်ဆန္ဒပြမှုများ၊ သပိတ်များ၊ လူထုအာဏာဖီဆန်ရေးလှုပ်ရှားမှု (Civil Disobedience Movement - CDM)၊ မိမိကိုယ်ကို ခုခံကာကွယ်ရန် လုပ်ဆောင်ချက်များ၊ နှင့် စစ်အုပ်စုမှ ၎င်းတို့၏ ထိန်းချုပ်မှုနှင့် တရားဝင်မှု ရှိကြောင်း ပြောဆိုမှုမှန်သမျှကို ချေပသည့် အမျိုးမျိုးသော ဆန့်ကျင်ခုခံမှုများကို လုပ်ဆောင်ခဲ့ကြသည်။ နွေဦးတော်လှန်ရေးသည် မြန်မာပြည်သူများမှ တုံ့ပြန်လိုက်သည့် အခြေခံလူတန်းစားများ၏ ခေါင်းဆောင်မရှိသော အာဏာဖီဆန်ရေးလှုပ်ရှားမှု တစ်ခုဖြစ်ပြီး ဖက်ဒရယ်စနစ်၊ ဒီမိုကရေစီနှင့် တန်းတူညီမျှမှု တို့အပေါ် အခြေခံသည့် အနာဂတ်သစ် တစ်ခုကို ပုံဖော်နေခြင်းပင် ဖြစ်သည်။ မြန်မာနိုင်ငံ၏ ကွဲပြားစုံလင်သော ပြည်သူများ၏ ခိုင်မာသော သန္နိဋ္ဌာန်နှင့် စိတ်ဓာတ်ထက်သန် လှုပ်ရှားမှုကို ရင်ဆိုင်ရသော စစ်အုပ်စုသည် ၎င်းတို့သိထားသည့် တစ်ခုတည်းသော နည်းလမ်းဖြစ်သည့် ရက်စက်ကြမ်းကြုတ်သော အကြမ်းဖက်မှုများဖြင့် တုံ့ပြန်ခဲ့သည်။ ထိုမျှသာမက ပြည်သူလူထုအပေါ် ဆင်နွှဲနေသည့် ၎င်းတို့၏ စစ်ပွဲများကြောင့် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ရသူများထံ ပေးပို့ဖြန့်ဝေသည့် အကူအညီများကို ပိတ်ဆို့တားမြစ်ခြင်း (သို့မဟုတ်) ဖျက်ဆီးပစ်ခြင်းတို့ဖြင့် စစ်တပ်အုပ်စိုးမှု အဆုံးသတ်ရေး ဒီမိုကရေစီလှုပ်ရှားမှုနှင့် တိုင်းရင်းသားအဖွဲ့အစည်းများ၏ ခုခံဆန့်ကျင်မှုများအပေါ် ဖိအားပေးရန်အတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို လက်နက်အဖြစ် အသုံးချနေသည်။ ဤသို့ အကူအညီများကို လက်နက်သဖွယ် အသုံးချပြီး ပေးပို့ဖြန့်ဝေရေး မပြုနိုင်ရန် လုပ်ဆောင်ခြင်းသည် စစ်အုပ်စု၏ နည်းဗျူဟာ အသစ်တစ်ခု မဟုတ်ပေ။ တိုင်းရင်းသားဒေသများတွင် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်း (Ethnic Armed Organization – EAO) များ၏ စားနပ်ရိက္ခာ၊ ငွေကြေး၊ စစ်သားစုဆောင်းမှုနှင့် သတင်းများ လက်လှမ်းမီရယူနိုင်မှုများကို ဖြတ်တောက်ရန်အတွက် ပြည်သူလူထုအပေါ် ပစ်မှတ်ထားသည့် “ဖြတ်လေးဖြတ်” မူဝါဒကို စစ်အုပ်စုမှ ဆယ်စုနှစ်များစွာ ကျင့်သုံးလာခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံသည် စစ်အုပ်စု၏ အကြမ်းဖက်မှုများအပြင် ဆိုးရွားလှသော COVID-19 ကပ်ဘေး၏ အရှိန်အဟုန်ကိုလည်း ပြင်းပြင်းထန်ထန် ရင်ဆိုင်ခံစားနေကြရသည်။ လူ့အခွင့်အရေးဆိုင်ရာ မြန်မာဆရာဝန်များ ကွန်ရက် (Myanmar Doctors for Human Rights Network) ၏ မှတ်တမ်းကောက်ယူမှုအရ မြန်မာနိုင်ငံတွင် မေလ ၂၇ ရက်နေ့မှစ၍ COVID-19 ကပ်ရောဂါဖြစ်ပွားမှု လျင်မြန်စွာ တိုးမြင့်လာခဲ့သည်။[1] ဇူလိုင်လ ၁၀ ရက်နေ့တွင် နိုင်ငံတစ်ဝှမ်းရှိ မြို့နယ် ၃၃၀ အနက် ၂၉၆ မြို့နယ်တွင် COVID-19 ကူးစက်မှုများ ဖြစ်ပွားခဲ့ပြီး[2] ယင်းမှာ တစ်နိုင်ငံလုံးရှိ မြို့နယ်စုစုပေါင်း၏ ၉၀% ရှိကာ ဇူလိုင် ၁၄ ရက်နေ့ တစ်နေ့တည်းတွင် ကူးစက်ခံရသူ ၇,၀၈၃ ဦး ရှိခဲ့ပြီး နေ့စဉ်ကူးစက်မှုနှုန်း၏ အမြင့်ဆုံးစံချိန် ဖြစ်ခဲ့သည်။[3]

---

1 Myanmar Doctors For Human Rights Network, ‘COVID-19 in Myanmar in the Aftermath of the Coup’ (2021) https://docs.google.com/document/d/1c8-7WK1T7v8oZaEqJPerkkAHTW8cA0OwkTNgsoR-R-Q/edit#

2 ‘Myanmar’s Third Wave of COVID-19 Spreads to Almost 90% of Townships’ *The Irrawaddy* (10 July 2021) <https://www.irrawaddy.com/news/burma/myanmars-third-wave-of-covid-19-spreads-to-almost-90-of-townships.html>

3 ‘As Covid Rages in Myanmar, Army Hoards Oxygen, Doctors Say’ The New York Times (16 July 2021) https://www.nytimes.com/2021/07/15/world/asia/myanmar-covid-oxygen.html

ထိုစမ်းသပ်စစ်ဆေးခဲ့သူများအနက် စိုးရိမ်ရသည့် ပိုးတွေ့လူနာမှာ ၂၆ ရာခိုင်နှုန်း ရှိခဲ့ပြီး[4] အမှန်တကယ် ကူးစက်မှုနှုန်းမှာ ယင်းထက်ပင် ပို၍များနေနိုင်သည်ဟု ဆိုသည်။ အာဏာသိမ်းမှုကြောင့် စနစ်တကျ စမ်းသပ်စစ်ဆေးမှုများမှာလည်း ပျက်စီးသွားရသည့်အပြင် စမ်းသပ်စစ်ဆေးရာတွင် လိုအပ်သည့် ပစ္စည်းများမှာလည်း အကန့်အသတ်ရှိနေသည်။ ရန်ကုန်မြို့၌ ဇူလိုင်လ ၁၃ ရက်နေ့ တစ်ရက်တည်းတွင် မီးသင်္ဂြိုဟ်ရမည့် အလောင်းများ ၇၃၁ လောင်းအထိ သုသာန်တွင် ပုံနေသည်ဟု ပြည်တွင်းသတင်းများအရ သိရသည်။ ရန်ကုန်စေတနာ့ဝန်ထမ်း အသင်းများသည် တစ်နေ့လျှင် အလောင်း ၃၀ မှ ၄၀ အထိ သုသာန်များသို့ ပို့ပေးနေကြရပြီး ယင်းမှာ COVID-19 တတိယလှိုင်း၏ ကြီးမားလှသော အတိုင်းအဆကို ဖော်ပြနေသည်။[5]

COVID-19 ကုသရေးဌာနများသည် လုံလောက်သည့်ဆေးဝါး မရှိခြင်း၊ ဝန်ထမ်းမလုံလောက်ခြင်းနှင့် ပိုးတွေ့လူနာများနှင့် ပြည့်နှက်နေသဖြင့် လူနာသစ်များကို လက်ခံကုသပေးနိုင်ခြင်း မရှိတော့ပေ။ ပြည်သူလူထုသည် မိမိတို့ဖာသာကုသနေကြရပြီး ပုဂ္ဂလိကပိုင် အောက်ဆီဂျင်ထောက်ပံ့ပစ္စည်းများကိုသာ ၎င်းတို့ချစ်ခင်ရသူများ ဆက်လက်အသက်ရှင်နိုင်ရေးအတွက် အားကိုးအားထား ပြုနေကြရသည်။ သို့ရာတွင် စစ်အုပ်စုသည် အောက်ဆီဂျင်အိုးများ ရောင်းဝယ်မှုကို ကန့်သတ်ချုပ်ချယ်ထားပြီး ပြည်သူများအား ၎င်းတို့၏ အောက်ဆီဂျင်အိုးများကို အောက်ဆီဂျင်ဖြည့်နိုင်ရေးအတွက် နာရီပေါင်းများစွာ တန်းစီနေရမှုကို ဖြစ်ပေါ်စေသည်။ ပုဂ္ဂလိကပိုင် အောင်ဆီဂျင်ထုတ်လုပ်သူများ၏ ရောင်းချမှုကို ကန့်သတ်ထားသည့်တစ်ချိန်တည်းတွင် စစ်အုပ်စုသည် အောက်ဆီဂျင်အိုးများကို သိမ်းယူပြီး ၎င်းတို့၏ မိသားစုများ (သို့မဟုတ်) စစ်ဘက်ဆိုင်ရာဌာနများအတွက် သိမ်းဆည်းသိုလှောင်မှုများ လုပ်ဆောင်နေခဲ့သည်။[6] ဇူလိုင်လ ၁၃ ရက်နေ့တွင် ဒဂုံမြို့နယ်၌ အောက်ဆီဂျင်အိုးဖြည့်ရန် တန်းစီနေသော လူအုပ်ကြီးရှိသည့်နေရာတွင် ဆိုင်ကယ်စီးလာသော စစ်အုပ်စု၏ စစ်သားများက သေနတ်ပစ်ဖောက်ကာ လူစုခွဲခဲ့ပြီး ၎င်းတို့လည်ပတ်နေသော အဆောက်အအုံများအတွက် သီးသန့်ထောက်ပံ့မှုဖြစ်စေရေး လုပ်ဆောင်ခဲ့သည်။[7] ဇူလိုင်လ ၁၄ ရက်နေ့ပြီးနောက်တစ်ရက်တွင် မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ ကုလသမဂ္ဂ၏ အထူးကိုယ်စားလှယ် Tom Andrews က ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ပြီး ယင်းကြေညာချက်ထဲတွင် "Delta variant မျိုးကွဲအပါအဝင် COVID-19 ရောဂါဖြစ်ပွားမှုများ တစ်ဟုန်ထိုးမြင့်တက်လာခြင်း၊ မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ် ပြိုလဲသွားခြင်းနှင့် စစ်အုပ်စုနှင့်ပတ်သက်သည့်အရာမှန်သမျှအပေါ် ပြည်သူလူထုက နက်ရှိုင်းစွာ အယုံအကြည် ကင်းမဲ့ခြင်းများသည် နိုင်ငံတကာအသိုင်းအဝိုင်း၏ အရေးပေါ်ကူညီထောက်ပံ့မှု မရှိပါက အသက်ပေါင်းများစွာကို ဆုံးရှုံးရမည့် မုန်တိုင်းတစ်ခု ဖြစ်ပေါ်လာနိုင်သည့် အကြောင်းအရာများဖြစ်သည်။" ဟု ကပ်ဘေးဆိုင်ရာ သတိပေးချက်ကို ထည့်သွင်းဖော်ပြထားသည်။[8]

---

4 Tom Andrews, 'Myanmar: UN expert warns of "perfect storm" over COVID, calls for urgent international help' (14 July 2017) http://Myanmar: UN expert warns of "perfect storm" over COVID, calls for urgent international help

5 'Myanmar Junta Accused of Restricting Oxygen Supplies' The Irrawaddy (14 July 2021) https://www.irrawaddy.com/news/burma/myanmar-juntaaccused-of-restricting-oxygen-supplies.html

6 Stephen Dziedzic, 'Doctors accuse Myanmar's military junta of hoarding oxygen as COVID-19 crisis deepens,' ABCNews (17 July 2021), <https://www.abc.net.au/news/2021-07-18/myanmar-doctors-military-junta-hoarding-oxygen-coronavirus/100297282>

7 'Soldiers open fire, disperse crowds refilling oxygen tanks in Yangon' Coconuts Yangon (13 July 2021) https://coconuts.co/yangon/news/soldiers-open-fire-disperse-crowds-refilling-oxygen-tanks-in-yangon/

8 Andrews (n 4).

မြန်မာနိုင်ငံ၏ ကျန်းမာရေးစနစ်အတွင်း အရည်အချင်းအရှိဆုံးသူတချို့အပေါ် စနစ်တကျ ဖိနှိပ်မှုများက အသက်ဆုံးရှုံးမှုများကို ပိုမိုဆိုးရွားစေခဲ့သည်။ မှတ်တမ်းအရ ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများနှင့် အဆောက်အဦးများကို တိုက်ခိုက်သည့် အမှုပေါင်းမှာ ၂၄၀ ရှိပြီး ကျန်းမာရေးဆိုင်ရာလုပ်သား ၁၇ ဦး သေဆုံးခဲ့ရပြီးဖြစ်သည်။[9] မြန်မာနိုင်ငံသည် ယခုအချိန်တွင် ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် ကျွမ်းကျင် ပညာရှင်များအတွက် အန္တရာယ်အရှိဆုံးနေရာ ဖြစ်နေသည်။ မြန်မာနိုင်ငံ၏ COVID-19 တိုးချဲ့ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်း၏ ညွှန်ကြားရေးမှူး ဒေါက်တာထားထားလင်းသည် စစ်အုပ်စုကို ဝေဖန်ခြင်းနှင့် ကာကွယ်ဆေးများ ဝယ်ယူဖြည့်ဆည်းရေးတွင် တလွဲစီမံမှုများရှိသည် ဟူသော စွပ်စွဲချက်ဖြင့် ဇွန်လအတွင်းတွင် သူမ၏ ခင်ပွန်းသည်နှင့် ၇ နှစ်အရွယ် သားငယ်တို့နှင့်အတူ ဖမ်းဆီးခံခဲ့ရသည်။[10] ယင်းဖြစ်ရပ်သည် ဧပြီလတွင် ဖမ်းဆီးထိန်းသိမ်းခြင်း ခံရပြီး ထိန်းသိမ်းခံထားရစဉ် COVID-19 ကူးစက်ခံရသည့် ရန်ကုန်ဆေးတက္ကသိုလ် (၁) ၏ အရေးပေါ် ဆေးပညာအသင်းဥက္ကဌ ဒေါက်တာမော်မော်ဦး အဖမ်းခံရပြီးနောက် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။[11] အာဏာသိမ်းမှု မဖြစ်စဉ်ကတည်းကပင် စစ်အုပ်စုသည် ပွင့်လင်းလွတ်လပ်သည့် အရပ်ဘက်လူထုရပ်ဝန်းကို ဖြိုခွဲရန်နှင့် တိုင်းရင်းသား အဖွဲ့အစည်းများ၏ ကျန်းမာရေးဝန်ဆောင်မှုများကို ထိခိုက်အားနည်းသွားစေရန် COVID-19 ကပ်ရောဂါကို လက်နက်သဖွယ် အသုံးချခဲ့သည့် သမိုင်းရှိခဲ့ပြီး[12] ယခုတစ်ဖန်တွင်လည်း ၎င်း၏နိုင်ငံရေးအသာစီး ရနိုင်ရေးအတွက် COVID-19 ကို လက်နက်သဖွယ် ထပ်မံအသုံးချနေခြင်းကြောင့် လူ့အသက်ပေါင်းများစွာကို ဆုံးရှုံးစေခဲ့သည်။ နိုင်ငံတကာ၏ ချက်ချင်း ကြားဝင်ဖြေရှင်းမှု မရှိပါက မြန်မာနိုင်ငံသည် ဒေသတွင်း COVID-19 ပြန့်နှံ့မှု၏ ကွင်းဆက်ဖြစ်လာနိုင်သကဲ့သို့ ရောဂါပိုးမျိုးရိုးဗီဇအသစ်များ ပေါ်ပေါက်ရာ နေရာဖြစ်လာနိုင်သည့် အလားအလာလည်း ရှိနေသည်။ မြန်မာနိုင်ငံအတွင်းရှိ COVID-19 ကပ်ရောဂါလှိုင်းလုံးသည် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးအကျပ်အတည်းကို ဖြစ်စေမည့် အဓိကခြိမ်းခြောက်မှုတစ်ရပ်လည်း ဖြစ်သည်။

ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ စစ်အုပ်စုသည် စနိုက်ပါသေနတ်များနှင့် လက်နက်ကြီးများကို အသုံးပြုပြီး လက်နက်မဲ့ပြည်သူများကို သတ်ဖြတ်ခဲ့ခြင်းကြောင့် ဇူလိုင်လ ၂၈ ရက်နေ့အထိ လူဦးရေ ၉၀၀ ကျော် အသတ်ခံခဲ့ရသည်။ ထို့အပြင် လူဦးရေ ၇,၀၀၀ နီးပါး အဖမ်းခံခဲ့ရပြီး လူဦးရေ ၅,၄၀၀ ဆက်လက်ထိန်းသိမ်း ခံထားရခြင်း သို့မဟုတ် ပြစ်ဒဏ်ချမှတ်ခြင်း ခံနေကြရသည့်အပြင် လူ ၂,၀၀၀ နီးပါးမှာလည်း ဖမ်းဝရမ်းထုတ် ခံထားရသည်။ သပိတ်ခေါင်းဆောင်များနှင့် တခြားပူးပေါင်းပါဝင်သူများမှာ ဖမ်းဆီးခံရခြင်း၊ ညှဉ်းပန်းနှိပ်စက်ခံရခြင်းနှင့် ကိုယ်တွင်းအင်္ဂါ မပါသည့် ရုပ်အလောင်းများ မိသားစုများထံ ပြန်ပို့ခံရခြင်းများလည်း ရှိသည်။ ထိုမျှသာမက အဖမ်းမခံရအောင် တိမ်းရှောင်နေသူများ၏ ကလေးငယ်များ အပါအဝင် မိသားစုဝင်များကို ပြန်ပေးဆွဲသည့် အမှုများလည်း တိုးမြင့်လာနေသည်။

နိုင်ငံ၏ ကျေးလက်ဒေသ ပိုဖြစ်သော အထူးသဖြင့် ချင်းပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကရင်နီပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ နှင့် မကွေးတိုင်းဒေသကြီးများရှိ မြို့နှင့် ကျေးရွာများတွင် ၎င်းတို့ကိုယ်ပိုင် ပြည်သူ့ကာကွယ်ရေး

---

9 Myanmar Doctors For Human Rights Network (n 1)

10 Physicians for Human Rights, 'PHR Condemns Myanmar Military's Arrest of Former Head of COVID-19 Vaccine Rollout' (2021) https://phr.org/news/phr-condemns-myanmar-militarys-arrest-of-former-head-of-covid-19-vaccine-roll-out/

11 Ibid.

12 Progressive Voice, 'A Nation Left Behind: Myanmar's Weaponization of COVID-19' (2020) https://progressivevoicemyanmar.org/2020/06/02/a-nation-left-behind-myanmars-weaponization-of-covid-19/

တပ်များ ဖွဲ့စည်းထားကြပြီး စစ်အုပ်စုနှင့် ထိတွေ့တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့ကြသည်။ ထိုတပ်ဖွဲ့များသည် စစ်အုပ်စု၏ လေကြောင်းမှ တိုက်ခိုက်ခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ စက်သေနတ် တပ်ဆင်ထားသော ရဟတ်ယာဉ်များဖြင့် တိုက်ခိုက်ခြင်း တို့အပါအဝင် စစ်အုပ်စု၏ ပြင်းထန်သော လက်စားချေ တိုက်ခိုက်ခြင်းကို ခံကြရသည်။ ဥပမာတစ်ခုမှာ မကွေးတိုင်းဒေသကြီးရှိ ကင်းမရွာတွင် စစ်အုပ်စုနှင့် ရဲများက တစ်ရွာလုံးနီးပါးကို မီးရှို့ခဲ့ခြင်းကြောင့် အိမ်ခြေ ၈၀% ပျက်စီးသွားခဲ့ပြီး အိမ်မြဲမွေးတိရိစ္ဆာန်များလည်း အသတ်ခံခဲ့ရသည်။[13] ထို့အပြင် ဒေသခံပြည်သူများ၏ တက်ကြွသော ဆန့်ကျင်ခုခံမှုကြောင့် လူဦးရေ ၁၁,၀၀၀ နေထိုင်သည့် ချင်းပြည်နယ်၏ မင်းတပ်မြို့ကိုလည်း စစ်အုပ်စုက သိမ်းပိုက်ထားသည်။ ထိုလူဦးရေအနက်မှ ပြည်သူ ၁၀,၀၀၀ နီးပါးသည် အနီးအနားရှိ ကျေးရွာများနှင့် တောတောင်များတွင် ပုန်းအောင်းနေကြရသောကြောင့် ယခုအခါ မင်းတပ်မြို့သည် တစ္ဆေမြို့တစ်မြို့ပမာ ဖြစ်နေကာ အခြေခံလိုအပ်ချက်ဖြစ်သည့် အစားအစာ၊ ဆေးဝါးနှင့် ခိုလှုံစရာပစ္စည်းများ သယ်ယူပို့ဆောင်ခြင်းကို စစ်အုပ်စုက ပိတ်ဆို့ထားခြင်းကြောင့် ဆိုးရွားလှသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေနှင့် ရင်ဆိုင်နေကြရသည်။[14] ကရင်နီပြည်နယ်နှင့် ရှမ်းပြည်နယ် တောင်ပိုင်းတို့တွင် ရက်သတ္တပတ် အနည်းငယ်အတွင်း ပြည်သူ ၁၂၅,၀၀၀ သည်[15] ၎င်းတို့၏ နေရပ်မှ ထွက်ပြေးတိမ်းရှောင်ကြရပြီး ပြည်တွင်းနေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ရသူ (Internally Displaced Person – IDP) များ ခိုလှုံနေသည့် ဘုရားကျောင်းများကို လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းနှင့် ကယ်ဆယ်ရေး အထောက်အပံ့ပစ္စည်းများ သယ်ယူပို့ဆောင်မှုကို ပိတ်ပင်တားမြစ်ခြင်းများ ရှိနေသည်။[16]

ထို့အပြင် စစ်အုပ်စုသည် ရှေ့တန်းတွင် အလုပ်လုပ်နေကြသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးနေသည့် လုပ်သားများနှင့် စေတနာ့ဝန်ထမ်းများကိုလည်း ပစ်မှတ်ထားကာ သတ်ဖြတ်ခြင်း၊ ထိခိုက်ဒဏ်ရာ ရစေခြင်း၊ မတရားဖမ်းဆီးခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းတို့ကို လုပ်ဆောင်နေသည်။[17] ကရင်နီပြည်နယ်တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ကူညီမှုများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ (UN Myanmar) က “ကုလသမဂ္ဂနှင့် ၎င်း၏ မိတ်ဖက်များတွင် စားနပ်ရိက္ခာ၊ နေထိုင်စရာပစ္စည်းများနှင့် အခြားသော အခြေခံကယ်ဆယ်ရေး ပစ္စည်းများ အပါအဝင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့ပစ္စည်းများ ဒေသခံများ၏ မြန်ဆန်သော တုံ့ပြန်ဆောင်ရွက်မှုများကို အားဖြည့်ပေးရန်အတွက် အဆင်သင့်ရှိနေသော်လည်း လိုအပ်မှုအားလုံး အထူးသဖြင့် ဝေးလံခေါင်ဖျားနေရာများရှိ လူထုများ၏ လိုအပ်ချက်များအားလုံးကို ဖြေရှင်းပေးနိုင်ခြင်း မရှိပါ။” ဟု ထုတ်ဖော်ပြောကြားသည်။[18] သို့သော် ကရင်နီလူမှုအသင်း

13 ‘Junta police set fire to Magwe Region village, reducing it to ‘mounds of ashes’’ Myanmar Now (16 June 2021) https://myanmar-now.org/en/news/juntas-soldiers-burn-down-magwe-region-village

14 ‘Mindat becomes a ghost town under military rule’ Myanmar Now (14 June 2021) https://myanmar-now.org/en/news/mindat-becomes-a-ghost-town-under-military-rule

15 United Nations Office for the Coordination of Humanitarian Affairs, ‘MYANMAR Humanitarian Update No. 8’ (24 June 2021) https://reliefweb.int/sites/reliefweb.int/files/resources/OCHA Myanmar - Humanitarian Update No.8 .pdf

16 ‘Karenni resistance fighters agree to ceasefire as number of IDPs passes 100,000’ Myanmar Now (16 June 2021) <https://myanmar-now.org/en/news/karenni-resistance-fighters-agree-to-ceasefire-as-number-of-idps-passes-100000>

17 Kristen Gelineau and Victoria Milko, ‘In Myanmar, the military declares war on medical workers’ Los Angeles Times (7 July 2021) https://www.latimes.com/world-nation/story/2021-07-07/in-myanmar-the-military-declares-war-on-medical-workers

18 The United Nations in Myanmar, ‘Statement by the United Nations In Myanmar on The Humanitarian Situation in the South-East’ (8 June 2021) https://progressivevoicemyanmar.org/2021/06/08/statement-by-the-united-nations-in-myanmar-on-the-humanitarian-situation-in-the-south-east/

အဖွဲ့များကွန်ရက် (Karenni Civil Society Network - KCSN) ၏ မှတ်တမ်းအရ စစ်အုပ်စုသည် ထိုအခြေခံလိုအပ်ချက် အကူအညီ အထောက်အပံ့များကို သယ်ဆောင်ခွင့် မပြုကြောင်း ဖော်ပြထားသည်။[19]

အလုပ်အကိုင်များ ဆုံးရှုံးရသည့် ဖိအားများ ရှိနေခြင်း၊ လူထုအာဏာဖီဆန်ရေးလှုပ်ရှားမှုနှင့် နွေဦးတော်လှန်ရေး အထွေထွေသပိတ်များ၏ အဓိကကျသော လူပုဂ္ဂိုလ်များကို ဖမ်းဆီးခြင်းနှင့် မြို့ပြရှိ မြို့နယ်များကို စစ်အင်အား တိုးချဲ့မှုများ လုပ်ဆောင်နေခြင်းတို့ကြောင့် လူအများအပြားသည် တိုင်းရင်းသားနယ်မြေများသို့ ထွက်ပြေးတိမ်းရှောင်ကြရပြီး တိုင်းရင်းသား ခေါင်းဆောင်များနှင့် လူထုအသိုင်းအဝိုင်းတို့၏ ကူညီပံ့ပိုးမှုကို ရယူကြရသည်။ နွေဦးတော်လှန်ရေး၏ တက်ကြွ အားကောင်းသော အင်အားသစ်များဖြစ်သည့် ဒေသခံပြည်သူ့ကာကွယ်ရေးတပ်များ ပေါ်ပေါက်လာသည့်တစ်ချိန်တည်းတွင် မြို့ပြဆန္ဒပြသူများ ထွက်ပြေးတိမ်းရှောင်လာသည့် တိုင်းရင်းသားဒေသများတွင် အကြမ်းဖက်မှု ပုံစံဟောင်းများ ဆက်လက် ရှိနေသည်။ ဒီမိုကရေစီအင်အားစုများကို ထောက်ခံသည့် EAO များဖြစ်သည့် ကရင်အမျိုးသားအစည်းအရုံး (Karen National Union - KNU) နှင့် ကချင်လွတ်မြောက်ရေးအဖွဲ့ (Kachin Independence Organization - KIO) တို့အား စစ်အုပ်စု၏ လက်တုံ့ပြန် တိုက်ခိုက်မှုများက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေကို ပိုမိုဆိုးရွားလာစေသည်။ ကချင်အမျိုးသမီးများအစည်းအရုံး - ထိုင်းနိုင်ငံ (Kachin Women's Association Thailand – KWAT) မှ စစ်အုပ်စု၏ ညှဉ်းပန်းနှိပ်စက်မှု၊ ဖမ်းဆီးမှု၊ အရပ်သားများနေထိုင်သည့် နေရာများကို အရမ်းကာရော ပစ်ခတ်မှုနှင့် လက်နက်ကြီးများဖြင့် ပစ်ခတ်မှုများ အပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် အနည်းဆုံး လူဦးရေ ၆,၀၀၀ ကျော် နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ကြရပြီး ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ဒေသများတွင် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီများအား တားမြစ်ပိတ်ဆို့မှုများကို မှတ်တမ်းတင်ထားသည်။[20] KIO အား တိုက်ခိုက်ရာတွင် စစ်အုပ်စုသည် လေကြောင်းတိုက်ခိုက်မှုနှင့် စက်သေနတ်တပ်ထားသော ရဟတ်ယာဉ် အသုံးပြုမှုများလည်း ရှိနေသည်။ KNU တပ်မဟာ ၅ ၏ ခိုင်မာသော သန္နိဋ္ဌာန်ကို အားနည်းစေရန် ကြိုးပမ်းသည့်အနေဖြင့် ကရင်ပြည်နယ်မြောက်ပိုင်း မူတြော်ခရိုင်အတွင်းရှိ အရပ်သားပြည်သူများကို စစ်အုပ်စုမှ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ လေကြောင်းမှ တိုက်ခိုက်ခြင်းများ အပါအဝင် စစ်ရေးအရ တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့သည့်အကြောင်းကိုလည်း ကရင်ငြိမ်းချမ်းရေး အထောက်အကူပြုကွန်ရက် (Karen Peace Support Network – KPSN) မှ မှတ်တမ်းတင်ထားသည်။ စစ်အုပ်စုသည် (ဧပြီလ ၂၄ မှ ၃၀ ရက်နေ့အထိ) တစ်ပတ်တာအတွင်းမှာပင် ကရင်ပြည်နယ်နှင့် ကချင်ပြည်နယ်များတွင် လေကြောင်းတိုက်ခိုက်မှု ၆၈ ကြိမ် လုပ်ဆောင်ခဲ့သည်။ အကျိုးဆက်အားဖြင့် မူတြော်ခရိုင်တွင် အရပ်သားပြည်သူ ၇၀,၀၀၀ ကျော် နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။ ထိုအထဲမှ အများအပြားမှာ နယ်စပ်ကိုဖြတ်ကျော်၍ ထိုင်းနိုင်ငံအတွင်းသို့ ဝင်ရောက်ခိုလှုံရန် ကြိုးပမ်းခဲ့ကြသော်လည်း နှစ်ရက်အကြာတွင် ထိုင်းအာဏာပိုင်များမှ ပြန်လည်နှင်ထုတ်ခြင်းကို ခံခဲ့ကြရသည်။[21] ကုလသမဂ္ဂ၏

---

19 Karenni Civil Society Network, 'KCSN Briefer on the Situation in Karenni State After the February 1 Military Coup in Burma' (21 June 2021) https://progressivevoicemyanmar.org/2021/06/21/karenni-civil-society-network-briefer-paper-on-current-karenni-state-situation/

20 Kachin Women's Association Thailand, 'Deadly Reprisals: Regime Steps Up Attacks on Civilians in Retaliation for Conflict Losses in Northern Burma' (16 June 2021) https://progressivevoicemyanmar.org/2021/06/16/deadly-reprisals-regime-steps-up-attacks-on-civilians-in-retaliation-for-conflict-losses-in-northern-burma-2/

21 Karen Peace Support Network, 'Terror From The Skies: Coup Regime's Escalated Offensive Cause Mass Displacement Across Mutraw' (25 May 2021) <https://progressivevoicemyanmar.org/2021/05/25/terror-from-the-skies-coup-regimes-escalated-offensive-cause-mass-displacement-across-mutraw/>

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်း၏ ခန့်မှန်းဖော်ပြချက်အရ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ တစ်နိုင်ငံလုံး အတိုင်းအတာအရ နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ရသူ စုစုပေါင်း ၂၃၀,၀၀၀ ရှိနေပြီး ဖြစ်သည်။[22] စစ်အုပ်စု အာဏာသိမ်းရန် ကြိုးပမ်းချိန်မှစ၍ နေရပ်စွန့်ခွာထွက်ပြေး တိမ်းရှောင်ရသူ အရေအတွက် ၃၃၆,၀၀၀ ရှိသည်ဟု ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ရွေးကောက်ပွဲရလဒ်အရ မြန်မာပြည်သူများ၏ တရားဝင်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government - NUG) က ဆိုသည်။[23] NUG ၏အဆိုအရ ပြည်သူ ၉၄၅,၀၀၀ မှာ အကူအညီထောက်ပံ့မှုများ လိုအပ်နေလျက်ရှိပြီး အနည်းဆုံး ၆.၂ သန်းမှာ စားနပ်ရိက္ခာ မလုံလောက်မှုနှင့် ကြုံတွေ့နေကြရသည်။[24]

## အာဆီယံ၏တုံ့ပြန်မှု

စစ်အာဏာသိမ်းမှုနှင့် နောက်ဆက်တွဲအကြမ်းဖက်မှုများကို နိုင်ငံတကာအစိုးရများက ဝေဖန်ရှုတ်ချ နေချိန်တွင် ဘက်ပေါင်းစုံပါဝင်ထားသည့် ကမ္ဘာ့သြဇာအာဏာအရှိဆုံး အဖွဲ့အစည်းတစ်ခုဖြစ်သော ကုလသမဂ္ဂ လုံခြုံရေးကောင်စီ (UN Security Council - UNSC) က စစ်အုပ်စုအပေါ် တိကျသော အရေးယူဆောင်ရွက်မှု မရှိသလောက်ပင် ဖြစ်နေခဲ့သည်။ ထိုအစား ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် အစိုးရများက သံတမန်ရေးရာနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှု များကို ဒေသတွင်းအဖွဲ့ဖြစ်သည့် အာဆီယံမှ ဦးဆောင်ရန် လွှဲပြောင်းလိုက်ကြသည်။ ယင်းအချက်မှာ ၂၀၂၁ ခုနှစ် ဇွန်လ ၁၃ ရက်နေ့တွင် ထုတ်ပြန်လိုက်သည့် G7 ၏ ထုတ်ပြန်ကြေညာချက်တွင် ထင်ဟပ်နေပြီး ထိုကြေညာချက်ထဲတွင် “အာဆီယံ၏ အချက်အချာကျသော အခန်းကဏ္ဍကို အမှတ်ထားပြီး အာဆီယံ၏ ဘုံသဘောတူညီချက် (၅) ချက်ကို မိမိတို့မှ ကြိုဆိုကြောင်းနှင့် အမြန်ဆုံး အကောင်အထည် ဖော်ဆောင်ရန် တိုက်တွန်းလိုက်သည်။” ဟု ပါရှိသည်။[25] G7 နိုင်ငံများသည် စစ်အုပ်စုနှင့် ၎င်းနှင့်ဆက်စပ်သော စီးပွားရေးလုပ်ငန်းများအပေါ် ပစ်မှတ်ထား အရေးယူပိတ်ဆို့မှု၊ ကမ္ဘာလုံးဆိုင်ရာ လက်နက်ရောင်းချမှု ပိတ်ပင်တားမြစ်ရေး၊ နှင့် စစ်အုပ်စု၏ရာဇဝတ်မှု ကျူးလွန်ခံရသူများအတွက် တရားမျှတမှုနှင့် တာဝန်ယူမှု တာဝန်ခံမှု ရှိလာစေရန်အတွက် မြန်မာနိုင်ငံကို နိုင်ငံတကာရာဇဝတ်ခုံရုံး (International Criminal Court – ICC) သို့ လွှဲပြောင်းပေးရေး အပါအဝင် နိုင်ငံတကာ၏ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သည့် ဖိအားပေးမှု ကင်းမဲ့နေခြင်းအပေါ် တရားဝင်ထွက်ပေါက်အဖြစ် အကြောင်းပြနိုင်ရန် အာဆီယံအား အသုံးချနေသည်ကို တွေ့ရသည်။ အာဆီယံအပေါ် G7 ၏ မှီခိုအားထားခြင်းအပေါ် မြန်မာအရပ်ဘက်လူထုအဖွဲ့အစည်း ၄၀၀ နီးပါးက အိတ်ဖွင့်ပေးစာ တစ်စောင်ဖြင့် ဝေဖန်ထောက်ပြခဲ့ပြီး ထိုစာထဲတွင် G7 ၏ ရပ်တည်ချက်သဘောထားသည် “ဆိုးရွားသည့် မှားယွင်းမှုတစ်ခု“ ဖြစ်ကြောင်းနှင့် “အာဆီယံသည် မြန်မာနိုင်ငံ၏

---

22 ‘UN says 230,000 displaced by Myanmar fighting’ Aljazeera (24 June 2021) https://www.aljazeera.com/news/2021/6/24/un-says-230000-displaced-by-myanmar-fighting

23 Republic of the Union of Myanmar National Unity Government, ‘Urgent Request for Humanitarian Assistance for the People of Myanmar During the Escalating COVID-19 Crisis (28 July 2021) https://www.facebook.com/NUGmyanmar/photos/pcb.151229683764338/151229487097691/

24 Ibid.

25 The White House, ‘Carbis Bay G7 Summit Communique’ (13 June 2021) https://www.whitehouse.gov/briefing-room/statementsreleases/2021/06/13/carbis-bay-g7-summit-communique/

အကျပ်အတည်းအပေါ် မည်သို့တုံ့ပြန်မည်နှင့်ပတ်သက်ပြီး ၎င်း၏အဖွဲ့တွင်း သဘောထားကွဲလွဲမှုများကြောင့် စိတ်ပျက်စရာကောင်းစွာပင် လုပ်ဆောင်ချက် ကင်းမဲ့နေသည်” ဟု ဖော်ပြထားသည်။[26]

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို ကိုင်တွယ်ဖြေရှင်းရန်အတွက် နိုင်ငံတကာ တုံ့ပြန်ဆောင်ရွက်မှုဖြစ်ပေါ်ရေး ညှိနှိုင်းလုပ်ဆောင်ရန် G7 တွင် ဥပဒေပိုင်းဆိုင်ရာ လုပ်ပိုင်ခွင့် မရှိသော်လည်း အမှန်တကယ် အဓိပ္ပာယ်ရှိသော သက်ရောက်မှုများ ရှိလာစေရေး လုပ်ဆောင်နိုင်သည့် အခြားသော ကုလသမဂ္ဂ အစိတ်အပိုင်းများကလည်း မြန်မာနိုင်ငံ၏ အခြေအနေကို ကိုင်တွယ်ဖြေရှင်းရန်အတွက် အာဆီယံ၏ ဦးဆောင်မှု အခန်းကဏ္ဍကိုသာ ရှေ့တန်းတင်ခဲ့သည်။ ဥပမာအားဖြင့်ဆိုရလျှင် ကုလသမဂ္ဂအထွေထွေညီလာခံ (UN General Assembly – UNGA) ၏ ၇၅ ကြိမ်မြောက် အစည်းအဝေးအတွင်း မြန်မာနိုင်ငံနှင့်ပတ်သက်သော ဆုံးဖြတ်ချက်တွင် အာဆီယံ၏ “အချက်အချာကျသော အခန်းကဏ္ဍ” ကို အခိုင်အမာထောက်ခံကြောင်း ဖော်ပြထားသည်။[27] ဤဆုံးဖြတ်ချက်မူကြမ်း ရေးသားခဲ့သည့် လစ်ချတန်စတိန်းနိုင်ငံ (Liechtenstein) က ဆုံးဖြတ်ချက်မူကြမ်းထဲတွင် အထူးသဖြင့် ကမ္ဘာလုံးဆိုင်ရာ လက်နက်ရောင်းချမှု တားမြစ်ရေး စာသားကို ထည့်သွင်းခဲ့သော်လည်း အာဆီယံအဖွဲ့ဝင် နိုင်ငံ ၉ နိုင်ငံ (မြန်မာနိုင်ငံ မပါ) ၏ ဖိအားကြောင့် ယင်းစာသားသည် ဖြုတ်ချထားခြင်း ခံခဲ့ရသည်။ မူလဆုံးဖြတ်ချက်မူကြမ်းထဲတွင် “မြန်မာနိုင်ငံသို့ လက်နက်များ၊ ခဲယမ်းများနှင့် အခြားသော စစ်ရေးဆိုင်ရာ ပစ္စည်းများကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း တင်ပို့ခြင်း၊ ရောင်းချခြင်း သို့မဟုတ် သယ်ယူပို့ဆောင်ခြင်းများ ချက်ချင်းရပ်ဆိုင်းရန်” ဟု ပါရှိသော်လည်း ထိုစာပိုဒ်အစား “[ကုလသမဂ္ဂ] အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံသို့ စစ်လက်နက်များ စီးဆင်းဝင်ရောက်မှုကို တားမြစ်ရန်” ဟု ပြောင်းလဲ ပြင်ဆင်ခဲ့သည်။[28] ထို့အပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သော ဘရူနိုင်း၊ ထိုင်း၊ လာအိုနှင့် ကမ္ဘောဒီးယား နိုင်ငံများက မဲခွဲဆုံးဖြတ်ရာတွင် မဲမပေးဘဲ နေခဲ့ကြသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် အာဆီယံ၏ ကြိုးပမ်းမှုများအား ထောက်ခံကြောင်းကို ဖေဖော်ဝါရီလ အစောပိုင်း စစ်အုပ်စု၏ အာဏာသိမ်းရန် ကြိုးပမ်းချိန်မှစ၍ ထပ်တလဲလဲ ဖော်ပြခဲ့သည်။[29] ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ (UN Human Rights Council) က ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များတွင်လည်း အလားတူ ထောက်ခံမှုများကို ဖော်ပြခဲ့ပြီး[30] တစ်ချိန်တည်းမှာပင် လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးကလည်း အာဆီယံအပါအဝင် ဒေသတွင်း သံတမန်ရေးရာ အားကောင်းလာစေရေး လုပ်ဆောင်ရန် အားပေးခဲ့သည်။[31] ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုကူတာရက်စ် (António

---

26 397 Myanmar Civil Society Organizations, ‘Open Letter from Myanmar Civil Society Organizations to the Leaders of the G7 Summit’ (21 June 2021) https://progressivevoicemyanmar.org/2021/06/21/open-letter-from-myanmar-civil-society-organizations-to-the-leaders-of-the-g7-summ/

27 UNGA Res 77/287 (25 June 2021) UN Doc A/RES/75/287

28 ‘UN Assembly to vote on resolution condemning Myanmar military’ Aljazeera (18 June 2021) https://www.aljazeera.com/news/2021/6/18/un-assembly-to-vote-on-resolution-condemning-myanmar-military

29 UN Security Council, ‘Security Council Press Statement on Situation in Myanmar’ (4 February 2021) https://www.un.org/press/en/2021/sc14430.doc.htm; UN Security Council, ‘Issuing Presidential Statement, Security Council Expresses Deep Concern about Developments in Myanmar’ (10 March 2021) https://www.un.org/press/en/2021/sc14462.doc.htm; UN Security Council, ‘UN Security Council Press Statements on Myanmar’ (1 April 2021) https://progressivevoicemyanmar.org/2021/04/01/un-security-council-press-statements-on-myanmar/

30 UNHRC Res 46/21 UN Doc A/HRC/RES/46/21; UNHRC Res 47/L.11 UN Doc /A/HRC/47/L.11

31 UN High Commissioner for Human Rights, ‘Bachelet issues strong warning of imminent further bloodshed and suffering in Myanmar’ (11 June 2021) https://www.ohchr.org/EN/NewsEvents/Pages/DisplayNews.aspx?NewsID=27160&LangID=E

Guterres) ကလည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များ ကြီးမားလာနေခြင်းအပေါ် နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် ဝိုင်းဝန်းတုံ့ပြန်ဆောင်ရွက်မှုများ လုပ်ဆောင်ရန်နှင့် ဒေသတွင်း ကြိုးပမ်းမှုများကို ထောက်ခံပံ့ပိုးပေးရန် ထုတ်ပြန်ကြေညာချက်တစ်ခုတွင် တိုက်တွန်းထားသည်။[32]

ကုလသမဂ္ဂနှင့် နိုင်ငံများစွာမှ ဤအချက်ကို လုပ်ဆောင်ချက် တစ်ရပ်အဖြစ် အားထားနေမှု မြင့်တက်ပုံကို ကြည့်ခြင်းအားဖြင့် မြန်မာအပါအဝင် ဒေသတွင်းအခြေအနေကို ဆွေးနွေးရန် ၂၀၂၁ ခုနှစ် ဧပြီလ ၂၄ ရက်နေ့တွင် ကျင်းပခဲ့သည့် အာဆီယံခေါင်းဆောင်များ အထူးအစည်းအဝေးမှ ထွက်ပေါ်လာသည့် ဘုံသဘောတူညီချက် (၅) ချက်ကို ပြန်လည်သုံးသပ်မှု ပြုရန် လိုအပ်သည်။ အရွေးချယ်ခံရသည့် အမတ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် အခြားဒီမိုကရေစီအင်အားစုများဖြင့် ဖွဲ့စည်းထားသော ကြားဖြတ်အစိုးရ NUG အား ဖိတ်ကြားရန် CSO များက အာဆီယံကို တောင်းဆိုခဲ့သော်လည်း အစည်းအဝေးတက်ရောက်သူများထဲတွင် လူမျိုးတုံးသတ်ဖြတ်မှု၊ လူသားမျိုးနွယ်အား ဆန့်ကျင်သည့် ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများ ကျူးလွန်ထားသည်ဟု စွပ်စွဲခံထားရပြီး စစ်ရာဇဝတ်သားအဖြစ် ပိတ်ဆို့အရေးယူ ခံထားရသော မြန်မာစစ်အုပ်စု၏ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပါဝင်တက်ရောက်ခဲ့သည်။

အာဆီယံ၏ ဘုံသဘောတူညီချက် (၅) ချက်မှာ -

- ပထမအချက် - မြန်မာနိုင်ငံအတွင်းရှိ အကြမ်းဖက်မှုများကို ချက်ချင်းရပ်တန့်ရမည်ဖြစ်ပြီး သက်ဆိုင်သူအားလုံးမှ အကြမ်းဖက်မှုများ ထပ်မဖြစ်ရေး အစွမ်းကုန် ချုပ်တည်းရမည်။
- ဒုတိယအချက် - ပြည်သူလူထု၏ အကျိုးစီးပွားအတွက် ငြိမ်းချမ်းသော အဖြေတစ်ခု ရှာဖွေရန် သက်ဆိုင်သူ အားလုံးအကြား အပြုသဘောဆောင်သော တွေ့ဆုံဆွေးနွေးမှုကို စတင်ရမည်။
- တတိယအချက် - အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်သည် အဆိုပါ တွေ့ဆုံဆွေးနွေးမှု ဖြစ်စဉ်များတွင် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်၏ ပံ့ပိုးမှုဖြင့် ကြားဝင်စီမံဆောင်ရွက်ပေးရမည်။
- စတုတ္ထအချက် - အာဆီယံအဖွဲ့သည် AHA Centre မှတစ်ဆင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုများ ပေးသွားမည်။
- ပဉ္စမအချက် - အထူးကိုယ်စားလှယ်နှင့် အဖွဲ့သည် သက်ဆိုင်သူအားလုံးနှင့် တွေ့ဆုံဆွေးနွေးရန် မြန်မာနိုင်ငံသို့ သွားရောက်မည်။[33]

အာဆီယံခေါင်းဆောင်များနှင့် အာဏာသိမ်းစစ်အုပ်စုခေါင်းဆောင် မင်းအောင်လှိုင်တို့အကြား ဤဘုံသဘောတူညီ ချက်များ ရရှိခဲ့ပြီး နိုင်ငံတကာ သံတမန်ရေးရာ၏ ကြိုးပမ်းမှုများ ဆက်လက်အရေးပါနေသော်လည်း စစ်အုပ်စု၏ အကြမ်းဖက်ကျူးလွန်မှုများကို ရပ်တန့်စေရန် တစ်စုံတရာ လုပ်ဆောင်နိုင်ခြင်း မရှိပေ။ လက်ရှိအချိန်ထိ တွေ့ဆုံဆွေးနွေးမှု လုပ်ဆောင်နိုင်ခြင်း မရှိသေးသည့်အပြင် မြန်မာနိုင်ငံသို့ စေလွှတ်မည့် အာဆီယံ အထူးကိုယ်စားလှယ် (ASEAN Special Envoy)

---

32 UN Secretary General, 'Humanitarian Support, Coherent Global Action Still Needed 100 Days after Deadly Military Takeover in Myanmar, Secretary-General Says' (11 May 2021) https://www.un.org/press/en/2021/sgsm20722.doc.htm

33 ASEAN Secretariat, 'Chairman's Statement on the ASEAN Leaders' Meeting' (24 APRIL 2021) https://asean.org/storage/Chairmans-Statementon-ALM-Five-Point-Consensus-24-April-2021-FINAL-a-1.pdf

ရွေးချယ်ရေးလုပ်ငန်းစဉ်၊ အချိန်ဇယား နှင့် ၎င်း၏ လုပ်ပိုင်ခွင့်အာဏာ နှင့်ပတ်သက်၍ ပွင့်လင်းမြင်သာသည့် သတင်းအချက်အလက်များ မရှိသလောက်ပင် ဖြစ်နေသည်။ လက်ရှိသိရှိထားသည့် အချက်အလက်များအရ ဘရူနိုင်းနိုင်ငံမှ တင်သွင်းသော ၎င်း၏ အဆိုပြုချက်စာတမ်းတွင် မြန်မာနိုင်ငံသို့စေလွှတ်ရန် အဆိုပြုထားသည့် အာဆီယံအထူးကိုယ်စားလှယ်၏ တာဝန်များကို ဖော်ပြထားပြီး ယင်းကိုယ်စားလှယ်၏ အခန်းကဏ္ဍကို ဖြန်ဖြေရေးအတွက်သာ ကန့်သတ်ထားခြင်းနှင့် မြန်မာနိုင်ငံတွင် အခြေမစိုက်ခြင်းတို့အတွက်ကြောင့် ကျယ်ကျယ်ပြန့်ပြန့် ဝေဖန်ခံနေရသည့်တစ်ချိန်တည်းတွင် အထူးကိုယ်စားလှယ် နိုင်ငံ၏ ငွေကြေးထောက်ပံ့မှုဖြင့် ရုံးဝန်ထမ်းအနည်းငယ်ကိုသာ ခန့်အပ်ထားရှိမည် ဖြစ်သည်။[34] အာဏာသိမ်းရန် ကြိုးပမ်းမှု ၆ လတာ ကာလကြာလာသည့်အထိ အာဆီယံသည် အထူးကိုယ်စားလှယ်ရွေးချယ်ရေးအတွက် လိပ်ခဲတည်းလည်း ဖြစ်နေပြီး အဆိုပြုထားသည့် ကိုယ်စားလှယ် ၃ ဦးမှာ ထိုင်းနိုင်ငံ၏ ဒုတိယနိုင်ငံခြားရေး ဝန်ကြီးဟောင်း Virasakdi Futrakul၊ အင်ဒိုနီရှားနိုင်ငံခြားရေးဝန်ကြီးဟောင်း Hassan Wirajuda နှင့် မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် Razali Ismail တို့ ဖြစ်ကြသည်။[35] လက်ရှိအာဆီယံ၏ ဥက္ကဋ္ဌဖြစ်သော ဘရူနိုင်းနိုင်ငံသည် NUG သို့မဟုတ် EAO များနှင့် ညှိနှိုင်းဆွေးနွေးတိုင်ပင်ခြင်း မရှိချိန်တွင် အထူးကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကို မြန်မာစစ်အုပ်စုမှ အတည်ပြုပေးရန် တင်ပြခဲ့သည်။

ဘုံသဘောတူညီချက် (၅) ချက် ရရှိခဲ့သည့်အချိန်မှစ၍ စစ်အုပ်စု၏ အကြမ်းဖက်မှုများ ပိုမိုဆိုးရွား မြင့်တက်လာခဲ့ပြီး ယင်းအချက်က ထင်ရှားစွာ ဖော်ပြသည်မှာ စစ်အုပ်စုခေါင်းဆောင် မင်းအောင်လှိုင်သည် ဒီမိုကရေစီ လိုလားသူ အတိုက်အခံများကို ချေမှုန်းပစ်မည့် ၎င်း၏ကြိုးပမ်းမှုကို ရပ်တန့်မည်မဟုတ်သည့်အချက်ပင် ဖြစ်သည်။ ၂၀၂၁ ခုနှစ် ဇွန်လ ၃ ရက်နေ့တွင် အာဆီယံ၏ အထွေထွေအတွင်းရေးမှူးချုပ် Dato Lim Jock Hoi နှင့် အာဆီယံဥက္ကဋ္ဌအား ကိုယ်စားပြုသည့် ဘရူနိုင်းဒရူးစလန်နိုင်ငံ၏ ဒုတိယနိုင်ငံခြားရေးဝန်ကြီး Dato Erywan Pehin Yusot တို့ပါဝင်သော အာဆီယံ ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ သွားရောက်ခဲ့ပြီး စစ်အုပ်စုခေါင်းဆောင်များနှင့် တွေ့ဆုံခြင်း အပါအဝင် စစ်အုပ်စုနှင့် ဆက်လက်ထိတွေ့ဆက်ဆံမှုများကို လုပ်ဆောင်ခဲ့ခြင်းကြောင့် အရပ်ဘက်လူထုအဖွဲ့အစည်းများ၏ ဝေဖန်ရှုတ်ချမှုများနှင့် ကြုံတွေ့ခဲ့ရသည်။[36] စိတ်မကောင်းဖြစ်ရသည့် အချက်တစ်ခုမှာ ထိုကိုယ်စားလှယ်အဖွဲ့သည် NUG နှင့်သော်လည်းကောင်း၊ အခြား ပြည်သူ့ကိုယ်စားလှယ်များဖြစ်သည့် EAO များ နှင့် အရပ်ဘက်လူထုအဖွဲ့အစည်းများနှင့်သော်လည်းကောင်း တွေ့ဆုံမှု မရှိခဲ့ခြင်းပင် ဖြစ်သည်။ အာဆီယံသည် မကြာသေးမီက ပြုလုပ်ခဲ့သော အာဆီယံ-အမေရိကန် နိုင်ငံခြားရေးဝန်ကြီးများဆိုင်ရာ အထူးအစည်းအဝေး အပါအဝင် အာဆီယံ၏ တရားဝင် အစည်းအဝေးများသို့ တက်ရောက်ရန် စစ်အုပ်စုအား ဆက်လက် ဖိတ်ကြားနေဆဲဖြစ်သည်။[37]

---

34 Evan Laksmana, 'ASEAN's Future Will Be Decided in Myanmar' Foreign Policy (21 June 2021) https://foreignpolicy.com/2021/06/21/aseanmyanmar-brunei-southeast-asia-special-envoy-junta-humanitarian-aid-aha-center/

35 Siti Rahil and Chananthorn Kamjan, 'FOCUS: ASEAN deadlocked in selection of special envoy to Myanmar' Kyodo News https://english.kyodonews.net/news/2021/07/fcb57b7aa094-focus-asean-deadlocked-in-selection-of-special-envoy-to-myanmar.html

36 419 Civil Society Organizations, 'ASEAN: Failure to Meet with all Parties Neglects ASEAN's Own Five-Point Consensus' (7 June 2021) https://progressivevoicemyanmar.org/2021/06/07/asean-failure-to-meet-with-all-parties-neglects-aseans-own-five-point-consensus/

37 US Department of State, 'Secretary Blinken's Meeting with ASEAN Foreign Ministers and the ASEAN Secretary General' (13 July 2021) https://www.state.gov/secretary-blinkens-meeting-with-asean-foreign-ministers-and-the-asean-secretary-general/

အာဆီယံအနေဖြင့် တရားမဝင်စစ်အုပ်စုကိုသာ တွေ့ဆုံခြင်းသည် မြန်မာပြည်သူများက ပြင်းထန်စွာ ဆန့်ကျင်နေသည့် စစ်အုပ်စုကို တရားဝင်မှုရှိစေရန် လုပ်ဆောင်နေခြင်းဖြစ်သည့် တစ်ချိန်တည်းတွင် "သက်ဆိုင်သူအားလုံးနှင့် တွေ့ဆုံရန်" ဆိုသည့် ၎င်းတို့၏ သဘောတူညီချက် ကတိကဝတ်နှင့်လည်း ဆန့်ကျင်ဖောက်ဖျက်နေသည်။ စစ်အုပ်စုနှင့် ပူးပေါင်းဆောင်ရွက်သည့် အာဆီယံအပေါ် လွန်စွာ အမျက်ဒေါသ ဖြစ်နေကြသည်။ ရန်ကုန်မြို့၏ လမ်းမများပေါ်တွင် အာဆီယံအလံများကို မီးရှို့ခြင်းက အာဆီယံသည် စစ်အုပ်စု၏ တရားမဝင်အာဏာသိမ်းရန် ကြိုးပမ်းမှုနှင့် မြန်မာပြည်သူများအပေါ် ကျူးလွန်နေသော ရက်စက်ကြမ်းကြုတ်သည့် အကြမ်းဖက်မှုများနှင့် ရာဇဝတ်မှုများတွင် ကြံရာပါအဖွဲ့ တစ်ဖွဲ့သာ ဖြစ်သည်ဟူသော မှတ်ယူမှု၏ အထောက်အထားပင် ဖြစ်သည်။[38]

သို့ရာတွင် အာဆီယံအပေါ် လူအများကြိုက်နှစ်သက်မှု မရှိသော်လည်း အာဆီယံသည် မြန်မာနိုင်ငံနှင့် သံတမန်ရေးရာအရဖြစ်စေ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကြိုးပမ်းမှုများအရဖြစ်စေ ဆက်လက်ပါဝင်နေဦးမည် ဖြစ်သောကြောင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ဖြန့်ဝေရေးကို လုပ်ဆောင်မည့် အာဆီယံ၏ ဘုံသဘောတူညီချက် (၅) ချက်အနက် စတုတ္ထမြောက်အချက်ဖြစ်သည့် AHA Centre အကြောင်းနှင့် ၎င်း၏ဖြစ်နိုင်ခြေ အခန်းကဏ္ဍကို ဆန်းစစ်သုံးသပ်ရန် အရေးကြီးသည်။

## AHA Centre

AHA Centre သည် ၂၀၁၁ ခုနှစ်တွင် အာဆီယံအစိုးရများမှ ဖွဲ့စည်းတည်ထောင်ထားသည့် အစိုးရအချင်းချင်း ဆက်စပ်လုပ်ဆောင်သော စင်တာတစ်ခုဖြစ်ပြီး အဓိကအားဖြင့် "အာဆီယံအဖွဲ့ဝင် နိုင်ငံများအကြား သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုများကို ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုများ လုပ်ဆောင်ရန်အတွက် ရည်ရွယ်ထားခြင်း" ဖြစ်သည်။[39] AHA Centre ၏ အဓိကအဖွဲ့ဝင်များမှာ သက်ဆိုင်ရာ အာဆီယံနိုင်ငံများရှိ နိုင်ငံအဆင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဆိုင်ရာ အဖွဲ့အစည်းများ (National Disaster Management Organizations – NDMOs) ဖြစ်သည်။ မကြာသေးခင်နှစ်များအတွင်း AHA Centre က တုံ့ပြန်ဆောင်ရွက်ပေးခဲ့သည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာလုပ်ငန်းများကို ဥပမာအဖြစ်ဖော်ပြရလျှင် ၂၀၁၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် အင်ဒိုနီရှားနိုင်ငံမှ ဆူလာဝေဆီ (Sulawesi) မြေငလျင်နှင့် ဖိလစ်ပိုင်နိုင်ငံတွင် တိုက်ခိုက်ခဲ့သော မန်ခွပ်တိုင်ဖုန်း မုန်တိုင်း (Mangknut Typoon) တို့ပင် ဖြစ်သည်။ အကူအညီများ ထောက်ပံ့ပေးရာတွင် ကယ်ဆယ်ရေး ပစ္စည်းများ၊ အကဲဖြတ်ရေးလုပ်ငန်းနှင့် ညှိနှိုင်းဆောင်ရွက်ရေးလုပ်ငန်း သုံးမျိုးတို့ကို AHA Centre က အဓိကထား ဆောင်ရွက်ပေးခြင်းဖြစ်ပြီး အကောင်အထည်ဖော်ဆောင်မှု လုပ်ငန်းများကိုမူ ၎င်း၏ အရေးပေါ် တုံ့ပြန်ရေးနှင့် အကဲဖြတ်ရေးအဖွဲ့ (Emergency Response and Assessment Team - ERAT) က ဆောင်ရွက်သည်။[40] AHA Centre အတွက်

38 'ASEAN flag burns as Myanmar people lose faith in bloc' UCA News (7 July 2021) https://www.ucanews.com/news/asean-flag-burns-asmyanmar-people-lose-faith-in-bloc/92762#

39 AHA Centre, 'About the AHA Centre' (ahacentre.org) https://ahacentre.org/about-us/

40 AHA Centre, 'After Action Review of 2018 Responses' (2020) https://drive.google.com/file/d/1FrZgbufP_mScM7WXnFoa4h6qEmTMLOUv/view

ရန်ပုံငွေများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများက သတ်မှတ်ချက်အရ ထည့်ဝင်ရသော ငွေကြေးများ၊ အဖွဲ့ဝင်နိုင်ငံများမှ စေတနာအလျောက် ထည့်ဝင်ကြသည့် အာဆီယံအတွင်းရေးမှူးချုပ်၏ အာဆီယံ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ရန်ပုံငွေ (ASEAN Disaster Management and Emergency Relief Fund)နှင့် နိုင်ငံတကာအလှူရှင်များမှ လှူဒါန်းသည့် ငွေကြေးများဖြင့် ထားရှိသည်။[41] ၂၀၁၉ ခုနှစ်တွင် AHA Centre ၏ စုစုပေါင်းရန်ပုံငွေမှာ အမေရိကန်ဒေါ်လာ ၄.၃ သန်းရှိပြီး ယင်းရန်ပုံငွေ၏ အမေရိကန်ဒေါ်လာ ၃.၃ သန်းမှာ ဩစတြေးလျနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ဘရူနိုင်းဒရူးစလန်၊ နယူးဇီလန်၊ တောင်ကိုရီးယား၊ အီးယူ၊ ယူကေ၊ အမေရိကန်ပြည်ထောင်စု၊ ဆွစ်ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာအဖွဲ့၊ DHL၊ Direct Relief၊ REDR၊ MSF၊ ICRC၊ IFRC တို့ပါဝင်သည့် ၎င်း၏ "ဆွေးနွေးဖော် မိတ်ဖက်များ" နှင့် ကုလသမဂ္ဂတို့ထံမှ ရရှိခဲ့ခြင်း ဖြစ်သည်။[42] ကျန်ငွေကြေးများကိုမူ တစ်နှစ်အတွင်း အဖွဲ့ဝင်များမှ သတ်မှတ်ချက်အရ ထည့်ဝင်ထားသော အမေရိကန်ဒေါ်လာ ၉၄၇,၃၂၂ နှင့် အခြားမှ ထည့်ဝင်ထားသော အမေရိကန်ဒေါ်လာ ၈၉,၄၅၁ တို့မှ ရရှိခဲ့ခြင်း ဖြစ်သည်။

## ယခင်ကရှိခဲ့သော မြန်မာနိုင်ငံနှင့် ပတ်သက်ဆက်နွယ်မှုများ

AHA Centre သည် မြန်မာနိုင်ငံနှင့် ယခင်ကတည်းပင် ပတ်သက်ဆက်နွယ်မှု ရှိခဲ့ပြီး ၂၀၁၇ ခုနှစ်က ရိုဟင်ဂျာများအပေါ် မြန်မာစစ်တပ်မှ လူမျိုးတုံးသတ်ဖြတ်ခဲ့သည့် အကြမ်းဖက်မှု လုပ်ဆောင်ခဲ့ခြင်းကြောင့် ရိုဟင်ဂျာ လူဦးရေ ၇၀၀,၀၀၀ ကျော်အား မြန်မာနိုင်ငံမှ နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ရစေခဲ့သည်။ ထိုသူများသည် ယခုအချိန်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ငွေကြေးထောက်ပံ့မှု မလုံလောက်သော ဒုက္ခသည်စခန်းများတွင် လုံခြုံမှုမရှိဘဲ ဆက်လက်နေထိုင်နေကြရဆဲ ဖြစ်သည်။ ကျန်များစွာသော လူများမှာလည်း ပြည်တွင်းနေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင် နေကြရပြီး အမိုးပွင့်ထောင်များကဲ့သို့သော IDP စခန်းများအတွင်း လူမျိုးရေးခွဲခြားမှု ခံနေရသည့် အခြေအနေတွင် ဆက်လက်နေထိုင် နေကြရသည်။ ကုလသမဂ္ဂမှ လုပ်ပိုင်ခွင့်အာဏာ ပေးအပ်ထားသည့် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာအချက်အလက်ရှာဖွေရေးမစ်ရှင် (Independent International Fact-Finding Mission on Myanmar - IIFFMM) က စစ်အုပ်စုခေါင်းဆောင် မင်းအောင်လှိုင် အပါအဝင် မြန်မာထိပ်ပိုင်းခေါင်းဆောင်များကို စစ်ရာဇဝတ်မှုများ၊ လူသားမျိုးနွယ်အပေါ် ဆန့်ကျင်သည့် ရာဇဝတ်မှုများ နှင့် လူမျိုးတုံးသတ်ဖြတ်မှု တို့အတွက် စုံစမ်းစစ်ဆေးရမည်ဟု မှတ်ချက်ပေးခဲ့သည်။[43] လူမျိုးတုံးသတ်ဖြတ်မှု ကာကွယ်တားဆီးရေးဆိုင်ရာ သဘောတူစာချုပ် (Genocide Convention) အရ လူမျိုးတုံးသတ်ဖြတ်မှု မဖြစ်ပေါ်စေရန် တားမြစ်ခြင်း သို့မဟုတ် ထိုရာဇဝတ်မှုအတွက် တာဝန်ရှိသူများကို ပြစ်ဒဏ်ပေးခြင်းများ လုပ်ဆောင်ရန် မြန်မာနိုင်ငံမှ ပျက်ကွက်ခဲ့သဖြင့် နောက်ဆက်တွဲအဖြစ် နိုင်ငံတကာတရားရုံး (ICJ) တွင် တိုင်ကြားခြင်းခံရပြီး အမှုဆက်လက်စစ်ဆေးခံနေရဆဲ ဖြစ်သည်။ ထိုအကြမ်းဖက်မှု ဖြစ်ပွားခဲ့ခြင်းကြောင့် ၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် အာဆီယံဥက္ကဌက[44] လူမျိုးတုံးသတ်ဖြတ်မှု

---

41 AHA Centre, 'Frequently Asked Questions' (2017) <https://ahacentre.org/wp-content/uploads/2017/01/FAQ-AHA-Centre.pdf>

42 AHA Centre, 'Annual Report 2019 Unfolding Future' (2019) https://drive.google.com/file/d/1d66LfCsLSb6USym6Rp8tbnggq1eN9ll/view

43 Independent International Fact-Finding Mission on Myanmar, 'Economic interests of the Myanmar military' (2019) https://www.ohchr.org/EN/HRBodies/HRC/MyanmarFFM/Pages/EconomicInterestsMyanmarMilitary.aspx

44 Association of Southeast Nations, ASEAN Chairman's Statement on The Humanitarian Situation in Rakhine State' (24 September 2017) https://asean.org/asean-chairmans-statement-on-the-humanitarian-situation-in-rakhine-state/

ဖြစ်ပွားရာ ရခိုင်ပြည်နယ်တွင် ကျန်ရစ်ခဲ့သော ကျူးလွန်ခံရသူများကို အကူအညီပေးရန် AHA Centre အား ဆောင်ရွက်စေခဲ့သည်။ AHA Centre ၏ မြန်မာနိုင်ငံနှင့်ပတ်သက်သော တုံ့ပြန်မှုမှာ ၎င်းကိုယ်ပိုင်သမိုင်းကြောင်းနှင့် အနေအထားအရ ၎င်းအားပေးထားသော သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာ၏ ပြင်ပဖြစ်သည့် ပဋိပက္ခနှင့် အကြမ်းဖက်မှုကို ပထမဆုံးအကြိမ် တုံ့ပြန်ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် ထူးခြားနေသည်။

AHA Centre သည် ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ရသူများအတွက် တန်ချိန် ၈၀ ရှိသည့် ကယ်ဆယ်ရေးပစ္စည်းများအား တဲပုံစံနေထိုင်စရာနေရာ၊ တစ်ကိုယ်ရေသန့်ရှင်းမှုဆိုင်ရာ အသုံးအဆောင်ပစ္စည်း၊ အလူမီနီယံလှေများနှင့် မီးစက်များ ပေးအပ်ခဲ့သည်။[45] ထိုအထောက်အပံ့ပစ္စည်းများကို မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မှတစ်ဆင့် လက်ခံရယူခဲ့ပြီး ၎င်းဝန်ကြီးဌာနကို ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) က ညွှန်ကြားပေးခဲ့သည်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် AHA Centre သည် ကယ်ဆယ်ရေးအကူအညီများ ဖြန့်ဝေမှုကို စောင့်ကြပ်ကြည့်ရှုရန်အတွက် ERAT ကို တာဝန်ပေးအပ်ခဲ့သည်။[46]

၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံက ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ရိုဟင်ဂျာဒုက္ခသည်များ ပြန်လည်နေရာချထားရေးနှင့်ပတ်သက်၍ တစ်စုံလုံးလိုအပ်ချက်များဆိုင်ရာ ဆန်းစစ်အကဲဖြတ်မှု (Comprehensive Needs Assessment - CNA) အတွက် ပထမအဆင့် ခြေလှမ်းဖြစ်သည့် ကနဦးလိုအပ်ချက်များဆိုင်ရာ ဆန်းစစ်အကဲဖြတ်မှု (Preliminary Needs Assessment - PNA) တစ်ခု လုပ်ဆောင်ရန်အတွက် မစ်ရှင်အဖွဲ့တစ်ဖွဲ့ စေလွှတ်ပေးရန် AHA Centre ကို တောင်းဆိုခဲ့သည်။ ပေါက်ကြားသွားခဲ့သည့် ထိုဆန်းစစ်အကဲဖြတ်ချက် အစီရင်ခံစာ၏ ချဉ်းကပ်စဉ်းစားပုံနှင့် ဆန်းစစ်သုံးသပ်ချက်များတွင် အခြေခံကျသော အမှားအယွင်းများ ရှိနေသည်ကို တွေ့ရှိရသည်။ မြန်မာစစ်အုပ်စုသည် ၎င်းတို့ကျူးလွန်ခဲ့သော အကြမ်းဖက်မှုနှင့် ရက်စက်မှုများအပေါ် တစ်ကြိမ်တစ်ခါမျှ ဝန်ခံခြင်း မရှိခဲ့ပေ။ ထိုအစီရင်ခံစာတွင် ရိုဟင်ဂျာဆိုသည့် အသုံးအနှုန်းကို သုံးစွဲခဲ့ခြင်းမရှိဘဲ ထိုအချက်သည် ရိုဟင်ဂျာလူမျိုး ပျောက်ကွယ်သွားစေရေး ၎င်းတို့၏ ဝိသေသလက္ခဏာများကို ပယ်ဖျက်လုပ်ဆောင်မှုကို အားပေးခြင်းဖြစ်သည့်အပြင် ထိုအစီရင်ခံစာကို ရိုဟင်ဂျာများနှင့် ဆွေးနွေးညှိနှိုင်းမှုအပေါ် အခြေခံ၍ ပြုစုရေးသားခဲ့ခြင်းလည်း မဟုတ်ပေ။[47] အရပ်ဘက်လူထုအသိုင်းအဝိုင်းများနှင့် ရိုဟင်ဂျာလူထုအသိုင်းအဝိုင်း ခေါင်းဆောင်များနှင့် ထိတွေ့ဆောင်ရွက်ရန် တောင်းဆိုနေသည့်ကြားမှ ဤကဲ့သို့ လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။ ထို PNA အစီရင်ခံစာထဲတွင် ပြန်လည်နေရာချထားရေး လုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ခုဖြစ်သော နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (National Verification Card - NVC) ထုတ်ပေးရေးကို ထောက်ခံအတည်ပြုပေးထားသော်လည်း NVC ကတ်သည် ယေဘုယျအားဖြင့် ရိုဟင်ဂျာများ၏ ဝိသေသလက္ခဏာများကို ငြင်းပယ်သည့် နောက်ထပ်လက်နက်တစ်ခုဖြစ်နေပြီး မြန်မာနိုင်ငံအတွင်း ၎င်းတို့အား ဒုတိယတန်းစား နိုင်ငံသားများအဖြစ်သာ

---

45 AHA Centre, 'Press Release: AHA Centre Delivers 80 Tons of Relief Materials to Rakhine State' (26 October 2017) MYANMAR https://ahacentre.org/press-release/aha-centre-delivers-80-tons-of-relief-materials-to-rakhine-state-myanmar/

46 AHA Centre, 'ASEAN-ERAT Mission in Rakhine, Myanmar' (The Column, 6 August 2018) https://thecolumn.ahacentre.org/tag/myanmar/

47 Human Rights Watch, 'ASEAN: Don't Whitewash Atrocities Against Rohingya' (19 June 2019) https://www.hrw.org/news/2019/06/19/aseandont-whitewash-atrocities-against-rohingya

သတ်မှတ်မည့် ဖိနှိပ်ရေးလက်နက်တစ်ခုလည်း ဖြစ်သည်။[48] ထိုဆန်းစစ်အကဲဖြတ်ချက်များသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို အပေါ်ယံအားဖြင့်သာ ဖော်ပြထားပြီး အစိုးရ၏ ဝါဒဖြန့်ချိမှုကို လက်ခံခြင်းနှင့် ရိုဟင်ဂျာပြည်သူများအပေါ် တိုက်ခိုက်နေမှုများကို အကာအကွယ်ပေးရန် အားနည်းနေခြင်းက ရိုဟင်ဂျာများအား ညှဉ်းပန်းနှိပ်စက်ရာတွင် ၎င်းတို့မှ ကြံရာပါအဖြစ် ပါဝင်နေမှုကို ဖော်ပြနေခြင်းပင် ဖြစ်သည်။[49] ထို့အပြင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် ဒုက္ခသည်ဆိုင်ရာ စံချိန်းစံနှုန်းများနှင့် ဥပဒေများအပေါ် အခြေခံခြင်းထက် မြန်မာအစိုးရ အထူးသဖြင့် စစ်တပ်၏ နိုင်ငံရေးရည်မှန်းချက်များကို အားဖြည့်ပေးနေခြင်းသက်သက်သာ ဖြစ်နေခဲ့သည်။

ယင်းအချက်က AHA Centre အနေဖြင့် ၎င်း၏ လုပ်ပိုင်ခွင့်အာဏာဖြစ်သော သဘာဝဘေးအန္တရာယ်ဆိုင်ရာ တုံ့ပြန်မှုသာ လုပ်ပိုင်ခွင့်ရှိသည့်အနေအထားတွင် ပဋိပက္ခနှင့်ဆက်စပ်သည့် အတွေ့အကြုံ အနည်းအကျဉ်းသာ ရှိသည်ကို တွေ့ရပြီး "လူကဖန်တီးထားသော" လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းနှင့် နိုင်ငံတော်ကပံ့ပိုးသော အကြမ်းဖက်မှုများကို တုံ့ပြန်နိုင်သည့် အနေအထား မရှိကြောင်းကို ဖော်ပြနေပြီး[50] ပိုမိုကျယ်ပြန့်သည့် နိုင်ငံရေးဆိုင်ရာ စိုးရိမ်ဖွယ်ရာအခြေအနေများကိုလည်း ထင်ဟပ်နေပါသည်။ ရိုဟင်ဂျာများအပေါ် လူမျိုးတုံးသတ်ဖြတ်မှု ဖြစ်ပွားခဲ့စဉ်က မြန်မာအစိုးရနှင့် ယနေ့ကာလစစ်အုပ်စုတို့က AHA Centre နှင့် ၎င်း၏အကောင်အထည် ဖော်ဆောင်ရေးအဖွဲ့ဖြစ်သည့် ERAT တို့၏ သီးခြားလွတ်လပ်မှု မရှိမှုကို သိရှိနားလည်ထားပြီး ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်ချက်များကိုလည်း ထိန်းချုပ်နိုင်မည် ဖြစ်သောကြောင့် ပူးပေါင်းဆောင်ရွက်ရန် ကြိုဆိုမည် ဖြစ်ပြီး ၂၀၂၁ ခုနှစ်နောက်ပိုင်း ၎င်းတို့၏ လှုပ်ရှားမှုများကို စစ်အုပ်စုက ထိန်းချုပ်သွားမည် ဖြစ်သည်။ ဤအချက်ကို AHA Centre SASOP ၏ အပိုဒ် ၄၂ တွင် "အကူအညီ တောင်းဆိုသော သို့မဟုတ် လက်ခံရရှိသော နိုင်ငံအနေဖြင့် ၎င်း၏နယ်နမိတ်အတွင်း အကူအညီ အထောက်အပံ့များနှင့်ပတ်သက်သော ညွှန်ကြားမှု၊ ထိန်းချုပ်မှု၊ ပူပေါင်းဆောင်ရွက်မှုနှင့် စီမံကွပ်ကဲမှုများကို ဆောင်ရွက်နိုင်သည်" ဟု ဖော်ပြထားသည်။[51] ၎င်းအချက်က AHA Centre ၏ လုပ်ပိုင်ခွင့်အာဏာအရ ကယ်ဆယ်ရေး လုပ်ငန်းများတွင် နိုင်ငံအဆင့်အဖွဲ့ဖြစ်သော NDMO သည် ၎င်း၏ အဓိကမိတ်ဖက်ဖြစ်သည် ဆိုသည့်အချက်နှင့် ကိုက်ညီနေသည်။ AHA Centre ၏ စီမံအုပ်ချုပ်ရေးဘုတ်အဖွဲ့အတွင်း စစ်အုပ်စု ချုပ်ကိုင်မှုအောက်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ[52] ကိုယ်စားပြုပါဝင်နေသော မြန်မာနိုင်ငံ၏ပါဝင်မှုသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ဖြန့်ဝေပေးရာတွင် AHA Centre အနေဖြင့် မည်သူများနှင့် လက်တွဲလုပ်ကိုင်မည်အပါအဝင် AHA Centre ၏ လုပ်ကိုင်ဆောင်ရွက်မှုများကို ထိန်းချုပ်နိုင်မည်ဖြစ်ပြီး ယင်းအချက်က AHA Centre ၏ လွတ်လပ်မှု ကင်းမဲ့နေခြင်းကို ထောက်ပြနေသည်။[53] ထိုကဲ့သို့ စစ်အုပ်စုနှင့်

48 ASEAN Parliamentarians for Human Rights, 'ASEAN's Rakhine Crisis: Assessing the Regional Response to Atrocities in Myanmar's Rakhine State' (2020) https://progressivevoicemyanmar.org/wp-content/uploads/2020/11/ASEANs-Rakhine-Crisis_-APHR-Report-1.pdf

49 Civil Societies from ASEAN and Rohingya Organisations, 'ASEAN Civil Societies and Rohingya Organisations Issue a Joint Statement on Asean – ERAT Preliminary Needs Assessment for Repatriation in Rakhine State, Myanmar' (20 June 2019) https://progressivevoicemyanmar.org/2019/06/20/asean-civil-societies-and-rohingya-organisations-issue-a-joint-statement-on-asean-erat-preliminary-needs-assessment-for-repatriation-in-rakhine-state-myanmar/

50 ASEAN Parliamentarians (n 48)

51 AHA Centre, 'Standard Operating Procedure for Regional Standby Arrangements and Coordination of Joint Disaster Relief and Emergency Response Operations (SASOP)' (2018) https://ahacentre.org/wp-content/uploads/SASOP/2.-SASOP-Revision-V2.0-April2018.pdf

52 AHA Centre, 'Governing Board of the AHA Centre' (ahacentre.org) https://ahacentre.org/governing-board-of-the-aha-centre/

53 ASEAN Parliamentarians (n 48)

၎င်းမှခန့်အပ်ထားသူများ ပါဝင်နေခြင်းသည် လွတ်လပ်မှုရှိရေးနှင့် ဘက်မလိုက်ရေး ဆိုသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေခံမူများနှင့် ကွဲလွဲဆန့်ကျင်နေသည်။ ထိုကဲ့သို့ လွတ်လပ်မှုမရှိခြင်းက AHA Centre လုပ်ကိုင်ဆောင်ရွက်မည့် မြန်မာနိုင်ငံတွင်သာမက အာဆီယံဒေသတစ်ဝှမ်းလုံးရှိ AHA Centre ၏ လုပ်ငန်းဆိုင်ရာ စွမ်းဆောင်ရည်ကို ထိခိုက်စေမည်ဖြစ်ပြီး ၎င်း၏ လုပ်ငန်းတာဝန်များကို ကျော်လွန်၍ ထိတွေ့ဆက်ဆံရာတွင် ထိရောက်မှုကိုလည်း ထိခိုက်စေမည် ဖြစ်သည်။

၂၀၁၇/၂၀၁၈ ခုနှစ်များတွင် ရခိုင်ပြည်နယ်သို့ ပို့ဆောင်သည့်ကယ်ဆယ်ရေး အထောက်အပံ့ ပစ္စည်းများက AHA Centre အပေါ် နိုင်ငံရေးဆိုင်ရာ ကန့်သတ်မှုများ ရှိနေခြင်းကို ဖော်ပြနေပြီး အဓိကအားဖြင့် ၎င်း၏ အဓိကမိတ်ဖက်ဖြစ်သည့် အကူအညီ လက်ခံရယူသော သို့မဟုတ် တောင်းဆိုသော နိုင်ငံအစိုးရမှ ချမှတ်သောကန့်သတ်မှုများပင် ဖြစ်သည်။ ထိုအခြေအနေတွင် လူမျိုးတုံးသတ်ဖြတ်မှုမြောက်သည့် အကြမ်းဖက်မှုများမှတစ်ဆင့် အကျပ်အတည်းကို ဖန်တီးသူက အစိုးရဖြစ်နေခြင်းကြောင့် ကြီးမားသော ပြဿနာကို ဖြစ်ပေါ်စေသည်။ ထိုအချိန်က လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးက ရိုဟင်ဂျာများသည် ၎င်းတို့၏အိမ်များကို ၎င်းတို့ကိုယ်တိုင် မီးရှို့ခဲ့သည်ဟု ပြောဆိုခဲ့ပြီး အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့ခြင်းကို ငြင်းပယ်ခဲ့သည့် မှတ်တမ်းများလည်း ရှိနေသည်။ ထို့အပြင် ၎င်းဝန်ကြီးဌာနကပင် ရိုဟင်ဂျာများ၏ ဝိသေသလက္ခဏာကို အသိအမှတ်ပြုရန် ငြင်းပယ်ခဲ့ပြီး ၎င်းတို့အား ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တရားမဝင်ဝင်ရောက်လာသည့် ဘင်္ဂါလီများအဖြစ် ညွှန်းဆိုသုံးစွဲကာ မြန်မာနိုင်ငံတွင် နေထိုင်ခွင့်နှင့် နိုင်ငံသားဖြစ်ခွင့် မရှိကြောင်း ပြောဆိုခဲ့သည်။ ယင်းဝန်ကြီးဌာနသည် ရိုဟင်ဂျာများအပေါ် လူမျိုးတုံးသတ်ဖြတ်မှုတွင် ကြံရာပါဖြစ်နေသော်လည်း AHA Centre သည် ERAT မှတစ်ဆင့် ၎င်းတို့နှင့် လုပ်ငန်းများ လက်တွဲလုပ်ဆောင်ရန် လုပ်ပိုင်ခွင့်အာဏာ ပေးအပ်ခဲ့သည်။

ထို့အပြင် ထိုဒေသကိုပေးမည့် လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့များကို ဖြန့်ဝေရန်နှင့် ပူးပေါင်းဆောင်ရွက်ရန်အပြင် ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြန်မာ ပြည်သူပိုင်-ပုဂ္ဂလိကပိုင် အေဂျင်စီ UEHRD ကို ဖွဲ့စည်းခဲ့ခြင်းကလည်း အလွန်အမင်း ပြဿနာရှိနေသည်။ IIFFMM ၏ ၂၀၁၉ ခုနှစ် အစီရင်ခံစာတွင် မြန်မာစစ်တပ်၏ စီးပွားရေးအကျိုးအမြတ်များနှင့် ၎င်းတို့၏ အကြမ်းဖက်မှု စစ်ဆင်ရေးများတွင် ငွေကြေးထောက်ပံ့မှုများ မည်ကဲ့သို့ ရရှိနေခြင်းနှင့်ပတ်သက်၍ "တပ်မတော်နှင့် ခိုင်မာသော ဆက်နွယ်မှုရှိသည့် ပုဂ္ဂလိကကုမ္ပဏီများသည် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ဖွံ့ဖြိုးရေးစီမံကိန်းများကို ငွေကြေးထောက်ပံ့ပေးနေပြီး ယင်းလုပ်ရပ်က မြန်မာနိုင်ငံအတွင်းရှိ ရိုဟင်ဂျာများ၏ ပိုင်ဆိုင်မှု အထောက်အထားများကို ဖယ်ရှားပစ်ခြင်းနှင့် ၎င်းတို့၏ ဇာတိမြေနှင့် လူမှုအသိုင်းအဝိုင်းများဆီ ပြန်နိုင်ရေးကို ပိတ်ပင်တားဆီးခြင်း စသည့်နည်းလမ်းများဖြင့် ယင်းဒေသကို ပြန်လည်စီမံပုံဖော်မည့် တပ်မတော်၏ ရည်ရွယ်ချက်ကို ပံ့ပိုးပေးခြင်းပင် ဖြစ်သည်။ UEHRD အောက်မှ လုပ်ကိုင်ဆောင်ရွက်သော ထိုစီမံကိန်းများသည် စစ်ရာဇဝတ်မှုများ၊ လူသားမျိုးနွယ်အပေါ် ဆန့်ကျင်သည့် ရာဇဝတ်မှုများနှင့် လူမျိုးတုံးသတ်ဖြတ်မှုကို နောက်ဆက်တွဲ ဖြစ်ပေါ်လာစေရန် ပိုမိုခိုင်မာသွားစေသည်။"[54] ထို့ကြောင့် အကူအညီ အထောက်အပံ့များကို လက်ခံပေးသည့် ဝန်ကြီးဌာနနှင့် သယ်ယူပို့ဆောင်ပေးသည့်အဖွဲ့နှစ်ဖွဲ့စလုံးတို့တွင် တာဝန်ရှိပြီး ရိုဟင်ဂျာများအပေါ် ဖိနှိပ်ညှဉ်းပန်းမှုတွင် နှစ်ဖွဲ့လုံးသည် တက်ကြွစွာ ပါဝင်နေသော

---

[54] Independent International Fact-Finding Mission on Myanmar (n 43)

မိတ်ဖက်အဖွဲ့များ ဖြစ်နေသည့်တိုင် AHA Centre အနေဖြင့် ၎င်းတို့မှတစ်ဆင့် လုပ်ငန်းများ လုပ်ဆောင်ရန်မှတစ်ပါး အခြားရွေးချယ်စရာမရှိ ဖြစ်နေခဲ့သည်။

PNA အဆင့်တွင်ပင် တိုးတက်ဖြစ်ပေါ်မှုများက နှေးကွေးနေသည်။ အနည်းဆုံးဆိုရလျှင် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလကတည်းက အာဆီယံအတွင်းရေးမှူးချုပ်လက်အောက်တွင် “PNA ၏ အကြံပြုတိုက်တွန်းချက်များကို အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် ပံ့ပိုးကူညီပေးရန်” အတွက် တာဝန်ပေးအပ်ခံခဲ့ရသော သီးခြားအထောက်အကူပြုအဖွဲ့ (Ad-hoc Support Team) ၏ လုပ်ကိုင်ဆောင်ရွက်မှု ရှိနေခဲ့ပြီး ဖြစ်သည်။[55] AHA Centre သည် နည်းပညာပိုင်းဆိုင်ရာ အလုပ်အဖွဲ့၏ အစိတ်အပိုင်းလည်းဖြစ်ပြီး ထိုအလုပ်အဖွဲ့ထဲတွင် မြန်မာအစိုးရနှင့် ၎င်း၏ လုပ်ဖော်ကိုင်ဖက် ဝန်ကြီးဌာနများ၊ UEHRD နှင့် အာဆီယံအတွင်းရေးမှူးအဖွဲ့တို့ ပါဝင်ပြီး PNA ၏ အကြံပြုတိုက်တွန်းချက်များကို အကောင်အထည်ဖော်ရန်နှင့် CNA ကို ထိန်းကွပ်စီမံအုပ်ချုပ်ရမည့်တာဝန်ရှိသည်။[56]

မြန်မာနိုင်ငံ၏ လက်ရှိလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများကို ကိုင်တွယ်ဖြေရှင်းရာတွင် ထိုအကျပ်အတည်းများကို ဖန်တီးထားသူများမှ ရန်ပုံငွေ ထည့်ဝင်ခြင်း၊ ခွင့်ပြုချက်များ ပေးခြင်းနှင့် ထောက်ပံ့ကူညီမှုများကို ဖြန့်ဝေသည့် မိတ်ဖက်အဖြစ် ပါဝင်ဆောင်ရွက်ခြင်းတို့ကြောင့် AHA Centre ၏ လုပ်ငန်းလည်ပတ်မှုပုံသည် နက်ရှိုင်းသော ပြဿနာများ ရှိနေသည်။

## AHA Centre မှတစ်ဆင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီ ပေးပို့ဖြန့်ဝေရာတွင် ကျရောက်လာနိုင်သည့် အန္တရာယ်များ

ဇွန်လ ၃ ရက်နေ့တွင် စစ်အုပ်စုခေါင်းဆောင် မင်းအောင်လှိုင်နှင့်တွေ့ဆုံရန် နေပြည်တော်သို့သွားရောက်ခဲ့သည့် အာဆီယံကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်က ပြဿနာရှိနေသော အာဆီယံ၏ချဉ်းကပ်မှုကို မီးမောင်းထိုးပြနေပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီနှင့်ပတ်သက်သော ကျယ်ပြန့်သည့် ပြဿနာများကိုလည်း ဖော်ပြနေခြင်း ဖြစ်သည်။ အာဆီယံကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်တွင် အလေးပေးဆွေးနွေးခဲ့သည့် အဓိကအကြောင်းအရာတစ်ခုမှာ “လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များ” ဟု ယူဆရပြီး ယင်းကိစ္စရပ်က မြန်မာနိုင်ငံဆိုင်ရာ အာဆီယံချဉ်းကပ်မှု၏ အစိတ်အပိုင်းဖြစ်သော ဘုံသဘောတူညီချက် (၅) ချက်၏ အချက် ၄ တွင် ထပ်ဟပ်နေသည်။ ထို့အပြင် AHA Centre သည် အာဆီယံ၏ ဘုံသဘောတူညီချက် ရရှိပြီးနောက်ပိုင်း ယခုအချိန်အထိ မြန်မာနိုင်ငံသို့ သွားရောက်ခြင်း မရှိနေသေးသည်ကိုလည်း သတိပြုသင့်ပေသည်။

---

55 Chairman of the ASEAN Foreign Ministers’ Retreat, ‘Press Statement by the Chairman of the ASEAN Foreign Ministers’ Retreat’ (2020) https://asean.org/storage/2020/01/17.1.2020-AMMR-Press-Statement-Final.pdf

56 ASEAN Parliamentarians (n 48)

အကယ်၍ AHA Centre အနေဖြင့် အကူအညီများကို ပေးပို့ဖြန့်ဝေမည်ဆိုပါက စစ်အုပ်စုမှတစ်ဆင့် ဆောင်ရွက်ရမည် ဖြစ်ပြီး ယင်းက -

- **ဒေသတွင်းနှင့် နိုင်ငံတကာအဆင့်တွင် စစ်အုပ်စု၏ ရပ်တည်နိုင်မှုကို အားကောင်းစေမည်။** ထို့အပြင် အာဏာရှင် စစ်အုပ်စု၏ အုပ်စိုးမှုမှ လွတ်ကင်းပြီး ပိုမိုကောင်းမွန်သော အနာဂတ်အတွက် ၎င်းတို့၏ဘဝများနှင့် လွတ်လပ်မှုများကို စွန့်လွှတ်လုပ်ဆောင်နေကြသော မြန်မာပြည်သူ သန်းပေါင်းများစွာကိုလည်း စော်ကားလိုက်ခြင်းပင် ဖြစ်သည်။[57] လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီ အထောက်အပံ့များ ပံ့ပိုးပေးပို့ရန်အတွက် နိုင်ငံရေးနှင့် မဆက်စပ်သော AHA Centre ၏ မွေးရာပါ လုပ်ပိုင်ခွင့်အာဏာကြောင့် အကူအညီ တောင်းဆိုသည့် (သို့မဟုတ်) လက်ခံသည့် အစိုးရ၏ ညွှန်ကြားမှုနှင့် ထိန်းချုပ်မှုကို ခံရမည်ဖြစ်သည်။ ယင်းကဆိုလိုသည်မှာ စစ်အုပ်စုမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီ အထောက်အပံ့များကို သယ်ဆောင်ခွင့်ပြုနေသည်ဆိုသည့် အချက်ကို 'သက်သေပြရန်' AHA Centre အား ညွှန်းပြမည်ဖြစ်သောကြောင့် AHA Centre သည် စစ်အုပ်စု၏ နိုင်ငံရေးရည်မှန်းချက်ကို အားပေးမြှင့်တင်ပေးရာရောက်မည် ဖြစ်သည်။ သို့ရာတွင် မေ့မထားသင့်သည့် အချက်တစ်ခုမှာ စစ်အုပ်စုသည် လက်ရှိမြန်မာနိုင်ငံ၏ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို ဖြစ်ပေါ်စေခဲ့သည့် တရားခံဖြစ်သည် ဆိုသောအချက်ပင် ဖြစ်သည်။ ဤသည်မှာ ထင်မှတ်မထားသော သဘာဝဘေးအန္တရာယ် ကျရောက်ခြင်း (သို့မဟုတ်) ညံ့ဖျင်းသော စီစဥ်ခြင်း (သို့မဟုတ်) ဂိုဏ်းဂဏကွဲပြားမှု ပဋိပက္ခကို အစိုးရမှ ကြိုးပမ်းထိန်းချုပ်ခြင်း မဟုတ်ဘဲ စစ်အုပ်စုမှ တစ်နိုင်ငံလုံးရှိ ပြည်သူများအပေါ် ဆင်နွှဲနေသောစစ်ပွဲပင် ဖြစ်သည်။ သို့ဖြစ်သောကြောင့် ကျူးလွန်ခံရသည့် မြန်မာပြည်သူများအား အကူအညီ အထောက်အပံ့များ ပေးအပ်ရန်အတွက် မြန်မာပြည်သူများအပေါ် အကြမ်းဖက်မှု ဆင်နွှဲနေသည့် စစ်အုပ်စုနှင့် ပူးပေါင်းဆောင်ရွက်ရန် အဆိုပြုခြင်းသည် လုံးဝအဓိပ္ပာယ် မရှိပေ။

  **လွန်ကဲစွာ ကန့်သတ်ချုပ်ချယ်ခြင်းနှင့် ထိန်းချုပ်ခြင်း ခံရမည်။** အာဏာမသိမ်းခင်က ဥပမာတစ်ခုကို ပေးရမည် ဆိုလျှင် စစ်တပ်၏ စစ်ဆင်ရေးများကို ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီးဖြစ်သော KIO ထိန်းချုပ်နယ်မြေ အတွင်းရှိ နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ရသည့် ပြည်သူများထံ ပေးပို့မည့် အကူအညီများအပေါ် စစ်တပ်နှင့် NLD အစိုးရတို့က ကန့်သတ်ချက်များ ချမှတ်ခဲ့သောကြောင့် ၎င်းပြည်သူတို့၏ ဘဝများကို ပို၍ပင် အန္တရာယ်ကျရောက်စေခဲ့သည်။ ဖေဖော်ဝါရီလ ၁ ရက်နေ့ အာဏာသိမ်းရေးကြိုးပမ်းမှု ဖြစ်ပွားပြီးနောက် နိုင်ငံတစ်ဝှမ်းတွင် အကြမ်းဖက်မှုများ မြင့်တက်လာလျက်ရှိပြီး ဒီမိုကရေစီရေး၊ အရပ်ဘက်လူထု၏ အဝန်းအဝိုင်းနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဝန်းအဝိုင်းများအပေါ် တင်းကျပ်လာခြင်းများကို ကြည့်ပါက ယင်းအခြေအနေများသည် စစ်အုပ်စု၏ လက်အောက်တွင် ပို၍ဆိုးရွားလာမည်မှာ မြေကြီးလက်ခတ်မလွဲပင် ဖြစ်သည်။ ဤကိစ္စနှင့်ပတ်သက်၍ များစွာသော သာဓကများကလည်း သတင်းများတွင် တင်ပြထားပြီးဖြစ်သည်။ ဇွန်လအစောပိုင်းတွင် ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့၌ မြန်မာစစ်အုပ်စုနှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တို့အကြား

57 Igor Bazevic, ''Humanitarian' Focus Does Harm and Prolongs Myanmar's Crisis' The Irrawaddy (9 June 2021) https://www.irrawaddy.com/opinion/guest-column/humanitarian-focus-does-harm-and-prolongs-myanmars-crisis.html?fbclid=IwAR1zrOfCcshh2xspofXMJ0pFgWde9_NofEfCgs67RCTg40ju0_1jJ_pNr4

ပြင်းထန်စွာ တိုက်ပွဲဖြစ်ပွားခဲ့ပြီး IDP ဦးရေ ၃,၀၀၀ ဝန်းကျင်အတွက် ကူညီပေးရန် သိုလှောင်ထားသည့် စားနပ်ရိက္ခာပစ္စည်းများ၊ စားသုံးဆီများနှင့် ဆေးဝါးများကို စစ်အုပ်စု၏ တပ်ဖွဲ့ဝင်များက လုယူသိမ်းဆည်းကာ မီးရှို့ဖျက်ဆီးပစ်ခဲ့သည်။ ဤသို့အားဖြင့် စစ်အုပ်စုသည် ၎င်းအား ခုခံတော်လှန်ဝံ့သူများဟု ယူဆရသော အရပ်သားပြည်သူများကို ပြစ်ဒဏ်ခတ်ရန်အတွက် ကယ်ဆယ်ရေးပစ္စည်းများကို လက်နက်သဖွယ် အသုံးချနေသည်။[58] ချင်းပြည်နယ်တွင်လည်း ချင်းပြည်သူ့ကာကွယ်ရေးအဖွဲ့များနှင့် စစ်အုပ်စုတို့အကြား ဖြစ်ပွားသော တိုက်ခိုက်မှုများကြောင့် ထွက်ပြေးတိမ်းရှောင်ရသူများအတွက် အကူအညီနှင့် အထောက်အပံ့ ပစ္စည်းများ သယ်ယူပို့ဆောင်ရေးကို စစ်အုပ်စုက ပိတ်ပင်တားဆီးခဲ့သည်။[59] AHA Centre အနေဖြင့် ၎င်း၏ လုပ်ပိုင်ခွင့်အာဏာနှင့် လုပ်ငန်းလည်ပတ်မှု လုပ်ထုံးလုပ်နည်းများအရ အစိုးရမဟုတ်သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသခံဝန်ဆောင်မှုပေးသူများနှင့် CSO များနှင့် လက်တွဲလုပ်ဆောင်နိုင်သော်လည်း ယင်းသို့လုပ်ဆောင်ရန်မှာ စစ်အုပ်စုက ခွင့်ပြုမှသာ လုပ်ဆောင်နိုင်မည် ဖြစ်သည်။ ယင်းအချက်သည် EAO ထိန်းချုပ်နယ်မြေများရှိ သိန်းနှင့်ချီသော ပြည်သူများမှ အကူအညီ အထောက်အပံ့များ မရရှိဘဲ ချန်လှပ်ထားခံရမည့် အန္တရာယ်ရှိနေသည်။

COVID-19 ကပ်ရောဂါ တတိယလှိုင်းအတွင်း ဇူလိုင်လ ၂၀ ရက်နေ့တွင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး ရုံး (UNHCR) သည် မြန်မာစစ်တပ်၏ လတ်တလောတိုက်ခိုက်မှုများကြောင့် ထွက်ပြေးတိမ်းရှောင်ရသူများအတွက် COVID-19 ကာကွယ်ရေးဆိုင်ရာပစ္စည်းများ အပါအဝင် အကူအညီများဖြန့်ဝေရန် ကြိုးပမ်းသည့် အနေဖြင့် ချင်းပြည်နယ် မင်းတပ်မြို့သို့ သွားရောက်ခဲ့သည်။ သို့သော် စစ်အုပ်စု ထိန်းချုပ်ထားသော နယ်မြေအတွင်း ရှိနေကြသူများကိုသာလျှင် UNHCR မှ အထောက်အပံ့များ ပေးဝေနိုင်ခဲ့သည်။[60] မင်းတပ်မြို့ရှိ ဘုရားရှိခိုးကျောင်း တစ်ကျောင်းနှင့် ဘုန်းကြီးကျောင်းတစ်ကျောင်းတွင် နေထိုင်နေကြသည့် မိသားစု ၅၀ ခန့်သာ အထောက်အပံ့ ပစ္စည်းများ ရရှိခဲ့ကြသည်ကို သတင်းတင်ပြချက်များတွင် ဖော်ပြခဲ့သည်။ ဒေသခံ ကယ်ဆယ်ရေးအဖွဲ့အစည်းများ၏ ခန့်မှန်းချက်အရ မင်းတပ်တစ်ဝိုက်တွင်ရှိသော လူဦးရေ ၉,၀၀၀ ခန့်သည် အကူအညီအထောက်အပံ့များ လိုအပ်နေဆဲ ဖြစ်ပြီး "လုံခြုံရေးဆိုင်ရာ စိုးရိမ်ရမှုများ" ကြောင့် UNHCR မှ သွားရောက်ရန် ခွင့်ပြုချက် မရထားသည့် ကျေးလက်ဒေသများ (သို့မဟုတ်) တောတောင်နေရာများတွင် ပုန်းအောင်းနေကြသည်။ မြန်မာစစ်အုပ်စုသည် EAOs ထိန်းချုပ်နယ်မြေများတွင် ခိုလှုံနေကြသူများမှ အကူအညီများ မရရှိစေရေးကို အရင်ကတည်းကပင် လုပ်ဆောင်နေခဲ့ပြီး ၎င်း၏ "ဖြတ်လေးဖြတ်" မူဝါဒ၏ အစိတ်အပိုင်းအဖြစ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို လက်နက်သဖွယ် အသုံးချနေခဲ့သည်။

- **ထိခိုက်အလွယ်ဆုံးသော ပြည်သူများ၏ လုံခြုံရေးကို အန္တရာယ်ကျရောက်စေမည်။** အထောက်အပံ့ ပစ္စည်းများကို စစ်အုပ်စုမှတစ်ဆင့် ပေးအပ်ခြင်းသည် ထိခိုက်အလွယ်ဆုံးသော ပြည်သူများ အထူးသဖြင့် IDP များနှင့်

---

[58] 'Regime Destroys Food and Medicine for Refugees in Southeastern Myanmar' The Irrawaddy (11 June 2021) https://www.irrawaddy.com/news/burma/regime-destroys-food-and-medicine-for-refugees-in-southeastern-myanmar.html?fbclid=IwAR3TVBVEgb1EJKuNBqa6fET52Id7TDJBW4K_FXp-6_Xvapz6rtb38HCD8mU

[59] 'Mindat becomes a ghost town under military rule' Myanmar Now (14 June 2021) https://www.myanmar-now.org/en/news/mindat-becomes-a-ghost-town-under-military-rule

[60] 'Many in Mindat still in need as junta imposes restrictions on distribution of UNHCR aid' Myanmar Now (20 June 2021) https://www.myanmar-now.org/en/news/many-in-mindat-still-in-need-as-junta-imposes-restrictions-on-distribution-of-unhcr-aid

မြန်မာစစ်အုပ်စု၏ ရက်စက်ကြမ်းကြုတ်မှုများကြောင့် ထွက်ပြေးတိမ်းရှောင်ကြရသည့် ပြည်သူများ၏ လုံခြုံရေးကို အန္တရာယ်ကျရောက်စေမည် ဖြစ်သည်။ အထောက်အပံ့ပစ္စည်းများ ဖြန့်ဝေခြင်းသည် စစ်အုပ်စုအတွက် ယခင်က ရောက်ရှိနိုင်ရန် ခက်ခဲသော နယ်မြေများသို့ သွားရောက်ရန် အကာအကွယ်ဖြစ်စေပြီး ၎င်းတို့အနေဖြင့် ထိုဒေသများတွင် စစ်အင်အား တိုးချဲ့ခြင်း၊ ဆန့်ကျင်ခုခံရေး လှုပ်ရှားမှုများအကြား ၎င်းတို့၏ သူလျှိုများနှင့် ထောက်လှမ်းရေးများကို လွှတ်ထားခြင်းဖြင့် တော်လှန်ရေးတွင် ပါဝင်သူများအဖြစ် သံသယရှိသူများ၏ သတင်းအအချက်အလက်များကို ကောက်ယူခြင်းနှင့် အကြမ်းဖက်မှုဖြင့် လက်စားချေတုံ့ပြန်ခြင်းတို့ လုပ်ဆောင်နိုင်စေလိမ့်မည် ဖြစ်သည်။ သို့ဖြင့် ဤလုပ်ရပ်သည် ပြစ်ဒဏ်ပေး အရေးယူခံရခြင်း ကင်းလွတ်စွာဖြင့် လွန်ခဲ့သောလများတွင် ကျူးလွန်ခဲ့သည့် လူသားမျိုးနွယ်အပေါ် ဆန့်ကျင်သည့် ရာဇဝတ်မှုများကို စစ်အုပ်စုမှ ဆက်လက်ကျူးလွန်နိုင်စေရန် ကူညီလုပ်ဆောင်ပေးခြင်းပင် ဖြစ်သည်။

- **စစ်အုပ်စုကို ပြည်သူအားကာကွယ်နေသူများအဖြစ် ၎င်းတို့ကို ၎င်းတို့ ပုံဖော်ရန် နှင့် ၎င်းတို့၏ နိုင်ငံရေးအစီအစဉ် အားကောင်းလာရေးလုပ်ဆောင်ရန် ပိုမိုအတင့်ရဲစေမည်။** စစ်အုပ်စုသည် နိုင်ငံ၏ တချို့သော ဒေသ အစိတ်အပိုင်းများနှင့် လူထုအသိုင်းအဝိုင်းများထံသို့ အကူအညီများ မရောက်ရှိစေရန် အကူအညီများကို ချုပ်ကိုင်ခြင်း၊ ကန့်သတ်ခြင်း သို့မဟုတ် ဖျက်ဆီးပစ်လိုက်သည်အထိ လုပ်ဆောင်ရုံသာမက ၎င်း၏ နိုင်ငံရေးအစီအစဉ် ပိုမိုအားကောင်းလာစေရန်နှင့် ပြည်သူလူထုကို ကာကွယ်စောင့်ရှောက်နေသူအဖြစ် ဖော်ပြနိုင်ရန်အတွက် အကူအညီအထောက်အပံ့များကို လက်နက်တစ်ခုအဖြစ် အသုံးချသွားမည် ဖြစ်သည်။ အကူအညီအထောက်အပံ့များ ပေးပို့ရာတွင် စစ်အုပ်စု၏ စစ်သားများ လိုက်ပါလာနိုင်ခြင်း၊ ပြည်သူများ အနေဖြင့် အကူအညီအထောက်အပံ့များကို ကြောက်စိတ်ဖြင့် မယူချင်ဘဲ ယူကြရခြင်းနှင့် စစ်အုပ်စုက ၎င်းတို့သည် အခြေခံကျသော အကူအညီများကို ပံ့ပိုးပေးနေသည်ဆိုသည့် ထုတ်ဖော်ရေးသားမှုများကို တိုးမြှင့်လုပ်ဆောင် လိမ့်မည် ဖြစ်သည်။
- **ပြည်သူများအနေဖြင့် ယုံကြည်မှု ကင်းမဲ့ခြင်းကြောင့် အကူအညီများကို လက်ခံရန် ငြင်းပယ်နိုင်သည်။** အာဏာရန် ကြိုးပမ်းမှုမတိုင်မီ ပထမအကြိမ် ကာကွယ်ဆေးထိုးထားခဲ့သော CDM အဖွဲ့ဝင် ကျန်းမာရေးဝန်ထမ်း အများအပြားသည် စစ်အုပ်စုကို ဆန့်ကျင်ကန့်ကွက်သည့်အနေဖြင့် စစ်အုပ်စုကပေးသော ဒုတိယအကြိမ် ကာကွယ်ဆေးကို ထိုးနှံရန် ငြင်းဆန်ခဲ့ကြသည်။[61] စစ်အုပ်စုကပေးသည့် အကူအညီများ လက်မခံသည့် အလားတူငြင်းဆန်မှုမျိုးကို နိုင်ငံတစ်ဝှမ်းတွင် တွေ့မြင်နိုင်သည်။
- **စစ်အုပ်စုအနေဖြင့် ၎င်းတို့နှင့် ၎င်းတို့၏ မိသားစုများအတွက် အကူအညီများ (သို့မဟုတ်) COVID-19 ဆိုင်ရာ အထောက်အပံ့ပစ္စည်းများကို သိမ်းဆည်းသိုလှောင်ခွင့် ရစေမည်။** အောက်ဆီဂျင်အိုးများ ပြတ်လပ်နေသည့် ကာလအတွင်း ဇူလိုင်လ ၁၃ ရက်နေ့တွင် အောက်ဆီဂျင်ဖြည့်ပေးနေသည့် ဒဂုံမြို့နယ် စစ်မှုဇုန် ၁ အတွင်းရှိ လှိုင်ကော်လမ်းမပေါ်မှ စက်ရုံတစ်ရုံသို့ မော်တော်ဆိုင်ကယ် စီးလာသော စစ်သားများ ရောက်လာခဲ့ပြီး

61 Richard Paddock, 'Virus Surges in Myanmar, Where Generals Control Vaccines' The New York Times (3 July 2021) https://www.nytimes.com/2021/07/01/world/asia/covid-myanmar-coup.html

ထိုစစ်သားများက အောက်ဆီဂျင်အိုးများဖြည့်ရန် တန်းစီနေကြသည့် လူအုပ်အတွင်းသို့ သေနတ်ပစ်ဖောက်ခဲ့သည်။ သတင်းတင်ပြချက်များတွင် ထိုစစ်သားများက လူအုပ်ကြီးကို လူစုခွဲရန် အမိန့်ပေးခဲ့ပြီး အောက်ဆီဂျင်အိုးများကို စစ်အုပ်စု၏ လည်ပတ်နေသော ကျန်းမာရေးအဆောက်အအုံများကိုသာ အထူးသီးသန့်ဝန်ဆောင်မှုပေးရန် သေချာစွာလုပ်ဆောင်ခဲ့ကြောင်း ဖော်ပြထားသည်။[62] စစ်သားများ၊ အရာရှိများနှင့် ၎င်းတို့၏မိသားစုများသည် COVID-19 ကူးစက်ခံရမှုများရှိနေပြီး ထိုအထဲတွင် စစ်ဗိုလ်ချုပ်များနှင့် တပ်မှူးကြီးများလည်း ပါဝင်နေခြင်းကြောင့် စစ်အုပ်စုသည် ၎င်းတို့နှင့် ၎င်းတို့၏ မိသားစုအတွက် အောက်ဆီဂျင်နှင့် ဆေးဝါးများကဲ့သို့သော COVID-19 ဆိုင်ရာအထောက်အပံ့ပစ္စည်းများကို လိုက်လံသိမ်းယူနေသည့် အန္တရာယ်မှာ အမှန်တကယ်ပင် ရှိနေသည်။[63]

## AHA Centre မဟုတ်သော အခြားနည်းလမ်းများနှင့် ရှေ့ဆက်ရန်လမ်းကြောင်း

အရေးကြီးသည်မှာ စစ်အုပ်စုနှင့် ပူးပေါင်းဆောင်ရွက်ပြီး ၎င်းကို တရားဝင်အောင် လုပ်ဆောင်မည့်အစား အခြားနည်းလမ်းတစ်ခု ရှိပါသည်။ KNU၊ မွန်ပြည်သစ်ပါတီ (New Mon State Party – NMSP)၊ KIO နှင့် အခြားသော EAO များ၏ နယ်မြေများအောက်တွင် လုပ်ကိုင်ဆောင်ရွက်နေကြသည့် တိုင်းရင်းသား ဝန်ဆောင်မှုပေးသူများသည် ပဋိပက္ခကြောင့် ထိခိုက်ခံစားရသော ပြည်သူများအား အခြေခံကျသော ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာ ဝန်ဆောင်မှုများကို ဆယ်စုနှစ်နှင့်ချီ၍ ပေးခဲ့ကြသည်။ ဒေသခံ လူထုအခြေပြုအဖွဲ့အစည်းများသည် ထို EAO များ၏ အနှောင်အဖွဲ့များမှ လွတ်ကင်းစွာဖြင့် ဝန်ဆောင်မှုများကို ပေးနေကြခြင်းလည်း ဖြစ်သည်။ မကြာသေးမီကပင် NUG ၏ ကျန်းမာရေးဝန်ကြီးဌာနနှင့် တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများ (Ethnic Health Organisations - EHOs) ပူးပေါင်း၍ COVID-19 တားဆီးရေး၊ လျော့ကျရေးနှင့် ထိန်းချုပ်နိုင်ရေးအတွက် COVID-19 ကာကွယ်ထိန်းချုပ်ကုသရေးအဖွဲ့ (COVID-19 Task Force – CTF) ကို ဖွဲ့စည်းခဲ့သည်။[64] ၎င်း CTF အဖွဲ့ကို IDP များ၊ ဒုက္ခသည်များနှင့် ထိုင်း-မြန်မာ နယ်စပ်တစ်လျှောက်ရှိ ရွှေ့ပြောင်းအလုပ်သမားများအတွက် အရေးကြီးသော ကျန်းမာရေးဝန်ဆောင်မှုများကို ပေးနေခဲ့သည့် တိုင်းရင်းသားကျန်းမာရေးကော်မတီ၏ ဥက္ကဋ္ဌဖြစ်သော ဒေါက်တာ စင်သီယာမောင်က ဦးဆောင်ပေးနေသည်။

---

62 Coconuts Yangon (n 7)

63 ‘Military in ‘complete chaos’ as Covid-19 infections rise within its ranks’ Mynmar Now (21 July 2021) https://www.myanmar-now.org/en/news/military-in-complete-chaos-as-covid-19-infections-rise-within-its-ranks

64 COVID-19 Task Force, ‘COVID-19 Task Force Statement from the COVID-19 Task Force of Ministry of Health, NUG & Ethnic Health Organisations’ (22 July 2021) https://progressivevoicemyanmar.org/wp-content/uploads/2021/07/Statement-of-COVID-19_-Task_Force_Eng.pdf

ထိုလူထုအခြေပြုဝန်ဆောင်မှုများနှင့် တိုင်းရင်းသား ကျန်းမာရေးဝန်ဆောင်မှုများမှတစ်ဆင့် အကူအညီများ၊ အထောက်အပံ့များ ပေးအပ်ခြင်းကဲ့သို့သော အခြားဖြေရှင်းမှုသည် အရေးပါသော ကောင်းကျိုးရလဒ်များ ရှိနေသည် -

- **လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများက ဒေသခံလူထု၏ လိုအပ်ချက်များနှင့် ကိုက်ညီခြင်း** - လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီနှင့် COVID-19 ဆိုင်ရာ အထောက်အပံ့များကို ဖြန့်ဝေရာတွင် လူထုအခြေပြုဝန်ဆောင်မှုပေးသူများနှင့် တိုင်းရင်းသား ကျန်းမာရေးဝန်ဆောင်မှု ပေးသူများကို ဦးစားပေးခြင်းသည် အကူအညီဖြန့်ဝေမှုဆိုင်ရာ နည်းလမ်းများ ပြောင်းလဲလုပ်ဆောင်သည့် ကမ္ဘာလုံးဆိုင်ရာ လှုပ်ရှားမှုများနှင့်အညီဖြစ်ပြီး ဒေသခံပြည်သူများ၏ လိုအပ်ချက်များနှင့် ပြည့်မီစေရန်လည်း သေချာစွာ လုပ်ဆောင်နိုင်မည် ဖြစ်သည်။[65] နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများအတွက် ဒေသခံအဖွဲ့အစည်း များအား ငွေကြေးထောက်ပံ့မှု တိုက်ရိုက်ပေးခြင်းနှင့် ၎င်းတို့၏ စွမ်းဆောင်နိုင်ရည်အား ပျက်စီးစေမည့် လုပ်ရပ်များကို ရပ်တန့်ရန် ကတိကဝတ်ပြုမှုများ စတင်ဆောင်ရွက်လာကြပြီ ဖြစ်သည်။[66]
- **ဒေသခံအဖွဲ့အစည်းများတွင် ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှု၊ လက်လှမ်းမီမှု နှင့် တရားဝင်မှု ရှိခြင်း** - ဒေသခံ CBO များနှင့် တိုင်းရင်းသား ကျန်းမာရေးအဖွဲ့အစည်းများသည် အခက်ခဲဆုံးသော အခြေအနေများ အောက်တွင် လုပ်ကိုင်နေခဲ့ကြပြီး လက်လှမ်းမီရန် အခက်ခဲဆုံးသော ပြည်သူများနှင့်လည်း ထိတွေ့ကူညီမှု လုပ်ဆောင်နိုင်ခဲ့ကြသည်။ ၎င်းတို့သည် လွန်ခဲ့သော နှစ်ပေါင်းများစွာတွင် နိုင်ငံတကာအလှူရှင်များထံမှ နယ်စပ်ဖြတ်ကျော် ကူညီပံ့ပိုးမှုများ ရရှိခဲ့ကြသည်။ သို့ရာတွင် လွန်ခဲ့သော ဆယ်စုနှစ်အတွင်း အသွင်ကူးပြောင်းရေးနှင့် စစ်တပ်၏ အာဏာခွဲဝေရေးအပေါ် လွဲမှားစွာ ယုံကြည်ခဲ့ခြင်းကြောင့် အရေးကြီးလှသော နယ်စပ်ဖြတ်ကျော် အကူအညီ အထောက်အပံ့များကို ဖြတ်တောက်ပစ်ခဲ့ပြီး ကြီးမားသော ငွေကြေးထောက်ပံ့မှု များနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ဗဟိုအစိုးရမှတစ်ဆင့် စီးဆင်းစေရန် ဆောင်ရွက်ခဲ့ကြသည်။ ထိုသို့ ဒေသခံ လူထုအခြေပြုကွန်ရက်များနှင့် အဖွဲ့အစည်းများကို အားလျော့သွားစေသည့် တစ်ချိန်တည်းတွင် ဝေးလံခေါင်ဖျားသော၊ ယခင်က လက်လှမ်းမမီနိုင်သော (သို့မဟုတ်) ခက်ခဲသော ပဋိပက္ခဖြစ်ပွားရာ တိုင်းရင်းသားဒေသများအပေါ် ဗဟိုအစိုးရ၏ ထိန်းချုပ်မှု ပိုမိုအားကောင်းသွားစေရန် ပံ့ပိုးပေးခဲ့သည်။ ယနေ့အချိန်အခါတွင် CDM အဖွဲ့ဝင်များ၊ အထွေထွေ သပိတ်ကော်မတီများ၊ NUG နှင့် အခြားသော အင်အားစုများသည် ဒီမိုကရေစီ အပြောင်းအလဲအတွက် တိုင်းရင်းသားနယ်မြေများတွင် ခိုလှုံနေကြရပြီး ၎င်းတို့သည် ဒေသခံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကွန်ရက်များနှင့် တိုင်းရင်းသား ဝန်ဆောင်ပေးသူများ၏ အကန့်အသတ်ရှိသော အရင်းအမြစ်များအပေါ် မှီခိုနေကြရသဖြင့် ရင်းမြစ်များမှာ ကုန်ခန်းလာသည့် အခြေအနေသို့ ဆိုက်ရောက်နေပြီ ဖြစ်သည်။

---

65 Charter for Change, 'Localization of Humanitarian Aid' https://charter4change.files.wordpress.com/2019/06/charter4change-2019.pdf

66 Charter for Change 'Signatories & Endorsements' (chater4change.org) https://charter4change.org/

- **အကူအညီများကို ဖြန့်ဝေရာတွင် ထိရောက်စွာ စွမ်းဆောင်နိုင်ခြင်း** - လက်ရှိ အကျပ်အတည်းအပေါ် အခြေခံသော ဒေသခံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကွန်ရက်များကိုလည်း ဖွဲ့စည်းထားကြပြီး ယင်းက စစ်အုပ်စု၏ရန်မှ ပုန်းရှောင်နေကြသည့် ပြည်သူများအတွက် အကူအညီဖြန့်ဝေရေး လုပ်ငန်းများ ပိုမိုထိရောက်စွာ စွမ်းဆောင်နိုင်စေခဲ့သည်။ မြန်မာနိုင်ငံ အလယ်ပိုင်းနှင့် မြို့ပြဒေသများတွင် ပရဟိတအဖွဲ့များ၊ ဒေသခံ ပြည်သူလူထုအခြေပြု အုပ်ချုပ်ရေးအဖွဲ့များနှင့် ကိုယ်ထူကိုယ်ထ ဖွဲ့စည်းထားသည့် ကွန်ရက်များနှင့် အဖွဲ့အစည်းများကို လူထုအသိုင်းအဝိုင်းများအတွက် အလုပ်လုပ် နေကြသော လူပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားကြသည်။ သို့ဖြင့် ၎င်းတို့တွင် ခိုင်မာသော သန္နိဋ္ဌာန်၊ လိုအပ်နေသူများကို ကူညီပေးရေးအတွက် ဒေသနှင့်ပတ်သက်သော ဗဟုသုတ၊ တိကျသော အတတ်ပညာနှင့် ကျွမ်းကျင်မှုများ ရှိကြသည်။ ၎င်းတို့သည် အခြေအနေ၊ အခြေခံအကြောင်းအရာ အခင်းအကျင်း၊ လိုအပ်ချက်များ၊ ပြည်သူလူထုရင်ဆိုင်နေရသော ခြိမ်းခြောက်မှုများနှင့် အကူအညီ အထောက်အပံ့များကို အသင့်လျော်ဆုံး လမ်းကြောင်းများဖြင့် အချိန်နှင့်တစ်ပြေးညီ ထိရောက်စွာ ပို့ဆောင်နိုင်ရေးကိုလည်း သိရှိထားကြသည်။

ထို့ကြောင့် အာဆီယံနှင့် အရင်းအမြစ်များ ရှိကြသည့် တခြားနိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ဒေသခံ အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများ၏ ကြိုးပမ်းဆောင်ရွက်နေမှုများ ပိုမိုအားကောင်းလာစေရေး ကူညီပံ့ပိုးပေးရန်မှာ အလွန်ပင် အရေးကြီးပါသည်။ တခြားနေရာများတွင် ဆွေးနွေးတင်ပြသည့်အတိုင်း "ဒီမိုကရေစီရေးလှုပ်ရှားမှုကို တက်ကြွစွာ ထောက်ပံ့ပေးခြင်း၊ နှင့် ရှေ့လာမည့် လများနှင့် နှစ်များတွင် ပေါ်ပေါက်လာမည့် အစိုးရမဟုတ်သည့် ကွန်ရက်များမှတစ်ဆင့် လူများစွာ၏ အသက်များကို တတ်နိုင်သမျှ ကြိုးစားကယ်တင်ခြင်းဖြင့် ဖိနှိပ်မှု လုပ်ဆောင်နေသူများကို ဆန့်ကျင်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ခုခံမှု ရပ်တည်ချက်တစ်ရပ်" ဖြစ်နိုင်ပါသည်။[67] "လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ခုခံမှု (Humanitarian Resistance)" အတွက် အခြေခံအုတ်မြစ်များက အထက်တွင် အလေးပေး ဖော်ပြခဲ့သည့်အတိုင်း အခြေခံကျသော ပညာရေး၊ ကျန်းမာရေး နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကယ်ဆယ်ရေး လုပ်ငန်းများကို နှစ်ပေါင်းများစွာကတည်းက လုပ်ဆောင်နေသော ဒေသခံကွန်ရက်များ၊ လူထုအခြေပြုနှင့် တိုင်းရင်းသား လူနည်းစုများ၏ ဝန်ဆောင်မှုပေးသူများတွင် ရှိနှင့်ပြီးသားဖြစ်သည်။ ထိုအခြေခံအုတ်မြစ်များသည် အာဏာသိမ်းမှုကို တုံ့ပြန်သည့်အနေဖြင့် ဖွဲ့စည်းတည်ထောင်ထားသော မြန်မာနိုင်ငံအလယ်ပိုင်း မြို့ပြနှင့် ကျေးလက်ဒေသ နှစ်ခုစလုံးရှိ ပရဟိတအဖွဲ့များနှင့် ကယ်ဆယ်ရေး အဖွဲ့များ၏ ကွန်ရက်များတွင်လည်း ရှိထားသည်။ ထိုအဖွဲ့များတွင် လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်းရှိမှု၊ ကျွမ်းကျင်မှုနှင့် တရားဝင်မှုများ ရှိနေသည်။ သို့ဖြင့် ၎င်းတို့တွင် လုံလောက်သော အရင်းအမြစ်များနှင့် ပံ့ပိုးကူညီမှုများသာ လိုအပ်နေခြင်း ဖြစ်သည်။ ထို့ကြောင့် အာဆီယံအနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ အကူအညီများ ရောက်ရှိနိုင်ရေး အိမ်နီးချင်းနိုင်ငံများ

---

67 Hugo Slim, 'Humanitarian resistance and military dictatorship' Humanitarian Practice Network (14 April 2021) https://odihpn.org/blog/humanitarian-resistance-and-military-dictatorship/

အထူးသဖြင့် ထိုင်းနိုင်ငံမှတစ်ဆင့် နယ်စပ်ဖြတ်ကျော် အကူအညီများ ရရှိရေးကို သေချာစွာ လုပ်ဆောင်ပေးရမည် ဖြစ်သည်။

ရိုဟင်ဂျာအကျပ်အတည်းကဲ့သို့ပင် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် အာဆီယံ၏ ဘုံသဘောတူညီချက် (၅) ချက်ကို အမြဲတစေ ရည်ညွှန်းနေခြင်းသည် စစ်အုပ်စုမှ ၎င်းတို့ ကျူးလွန်ခဲ့သော၊ ဆက်လက်ကျူးလွန်နေဆဲဖြစ်သော ရာဇဝတ်မှုများအတွက် တာဝန်ယူမှု တာဝန်ခံမှုကို ရှောင်ရှားရန်၊ နှင့် စစ်အုပ်စုကိုယ်တိုင် ဖန်တီးခဲ့သည့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းအပေါ် ဝေဖန်ထောက်ပြမှုများကိုလည်း လမ်းလွှဲရန်အတွက် AHA Centre ကို ဒိုင်းသဖွယ် အသုံးပြုလိမ့်မည် ဖြစ်သည်။ AHA Centre သည် အခြေခံအားဖြင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုနှင့်ပတ်သက်သော ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုများအတွက် စီစဉ်ပေးရန် လုပ်ပိုင်ခွင့်အာဏာရှိသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အေဂျင်စီတစ်ခုသာဖြစ်ပြီး မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်နေသည့် "လူကဖန်တီးသော" ဘေးဒုက္ခများကို ကိုင်တွယ်ဖြေရှင်းရန် စွမ်းဆောင်ရည်ရှိသည့် အဖွဲ့တစ်ဖွဲ့ မဟုတ်ပါချေ။

AHA Centre ၏ တရားဝင်လုပ်ပိုင်ခွင့်ကို ကျော်လွန်သည့် တိုးချဲ့လုပ်ဆောင်မှုများ မလုပ်သင့်ပါ။ ထိုအစား အာဆီယံနှင့် နိုင်ငံတကာအသိုင်းအဝိုင်းများအနေဖြင့် မြန်မာနိုင်ငံအတွင်း လက်ရှိကြုံတွေ့နေရသော လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို ကိုင်တွယ်ဖြေရှင်းရန် AHA Centre အား ကျော်လွန်၍ ဆောင်ရွက်ရမည် ဖြစ်သည်။ ဤအချက်နှင့်ပတ်သက်သော နောက်ထပ်အကြံပြုတိုက်တွန်းချက်များကို အောက်တွင် ထည့်သွင်းဖော်ပြ ထားပါသည်။

ထို့အပြင် အာဆီယံအနေဖြင့် NUG နှင့် EAO တို့အား မြန်မာနိုင်ငံ၏ တရားဝင် အုပ်ချုပ်ရေး အဖွဲ့အစည်းများအဖြစ် ချက်ချင်းအသိအမှတ်ပြုရေး လုပ်ဆောင်ရန် အလွန်ပင် အရေးကြီးပါသည်။ ထိုသို့မဟုတ်ဘဲ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များ ပေးရာတွင် တရားမဝင် စစ်အုပ်စုနှင့် ပူးပေါင်း ဆောင်ရွက်လျှင် စစ်အုပ်စုအား တရားဝင်မှု အပ်နှင်းပေးရာ ရောက်မည်ဖြစ်ပြီး မြန်မာပြည်သူများ၏ ဖက်ဒရယ် ဒီမိုကရေစီတိုက်ပွဲကို အားနည်းသွားစေမည့်အပြင် မြန်မာနိုင်ငံအတွင်း ဆိုးရွားလှသည့် လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို ပို၍ပင် သက်ဆိုးရှည်စေမည် ဖြစ်သည်။

# အကြံပြုတိုက်တွန်းချက်များ

## အာဆီယံ

- NUG နှင့် EAO များကို မြန်မာနိုင်ငံ၏ တရားဝင်အုပ်ချုပ်ရေး အဖွဲ့အစည်းများအဖြစ် အသိအမှတ်ပြု ဆက်ဆံရန်၊
- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ထောက်ပံ့ဖြန့်ဝေရာတွင် စစ်အုပ်စုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မပြုရန် နှင့် နိုင်ငံတစ်ဝှမ်းရှိ ၎င်းတို့၏ အကြမ်းဖက်ရေး လုပ်ဆောင်မှုများတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို လက်နက်သဖွယ် အသုံးချမှု မရှိစေရေး သေချာစွာ တားဆီးလုပ်ဆောင်ရန်၊
- စစ်အုပ်စု၏ ရက်စက်ကြမ်းကြုတ်သော ဖိနှိပ်ချုပ်ချယ်မှုများကြောင့် ထွက်ပြေးတိမ်းရှောင်ကြရပြီး တိုင်းရင်းသားဒေသများတွင် ခိုလှုံနေကြရသူများကို အကာအကွယ်နှင့် အကူအညီ အထောက်အပံ့များ ပေးနိုင်ရေး အပါအဝင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို နယ်စပ်ဖြတ်ကျော်လမ်းကြောင်းများ၊ ဒေသခံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကွန်ရက်များ၊ တိုင်းရင်းသားဝန်ဆောင်မှုပေးသူများ၊ CBO များနှင့် CSO များမှတစ်ဆင့် လွှဲပြောင်းပေးအပ်ရန်၊
- မြန်မာနိုင်ငံရှိ လွတ်လပ်သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများနှင့် အေဂျင်စီများအနေဖြင့် အိမ်နီးချင်းနိုင်ငံများမှတစ်ဆင့် လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့များကို လိုအပ်သူများထံ ပေးပို့နိုင်ရေး သေချာစွာ လုပ်ဆောင်ပေးရန်၊
- လွတ်လပ်သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများနှင့် အေဂျင်စီများမှ ဆေးဝါးပစ္စည်းနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီ အထောက်အပံ့များ အထူးသဖြင့် PPE ဝတ်စုံများ၊ အသက်ရှူစက်၊ အောက်ဆီဂျင်စက်များနှင့် ကာကွယ်ဆေးများ အပါအဝင် COVID-19 နှင့်ပတ်သက်သော ကျန်းမာရေးဝန်ဆောင်မှုနှင့် အကူအညီ အထောက်အပံ့များကို ဖြန့်ဝေပေးနိုင်ရေးအတွက် ကုလသမဂ္ဂနှင့် နိုင်ငံတကာအသိုင်းအဝိုင်းနှင့်အတူ သေချာစွာ လုပ်တွဲလုပ်ဆောင်ရန်၊
- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီ အထောက်အပံ့များ ဖြန့်ဝေရန် နယ်စပ်ဖြတ်ကျော်ပြီး မြေပြင်တွင် လုပ်ဆောင်နေသော CSO များ၊ အောက်ခြေရှိ လူထုအဖွဲ့အစည်းများနှင့် တိုင်းရင်းသားဝန်ဆောင်မှုပေးသူများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကာ ရန်ပုံငွေထောက်ပံ့မှုများ ပေးနိုင်ရန်အတွက် ဆန်းသစ်သည့် နည်းလမ်းများကို စူးစမ်းရှာဖွေရန်၊ နှင့်
- လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို ကိုင်တွယ်ဖြေရှင်းရာတွင် ခွဲခြားဆက်ဆံမှု မရှိစေရေး နှင့် "မည်သူမျှ ထိခိုက်နစ်နာမှု မရှိစေရေး" အခြေခံမှုများ၏ လမ်းညွှန်ချက်ဖြင့် ဘက်စုံခြုံငုံသော မဟာဗျူဟာတစ်ခု ရှိလာစေရေး၊ နှင့် မြန်မာနိုင်ငံရှိ ထိတွေ့ဆောင်ရွက်မှုများအားလုံးကို ပြင်းထန်ဆိုးရွားစွာ ဆက်လက်ဖြစ်ပေါ်နေသည့် လူ့အခွင့်အရေးဆိုင်ရာ အန္တရာယ်များ အခြေအနေနှင့် ၎င်းအား

လျှော့ချရေး အကဲဖြတ်ဆန်းစစ်ချက်များအပေါ်တွင်သာ မူတည်သည့် ထိရောက်သော အစီအမံများကို သေချာစွာ လုပ်ဆောင်ရန်။

## နိုင်ငံတကာ အလှူရှင်များနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများ

- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ထောက်ပံ့ဖြန့်ဝေရာတွင် စစ်အုပ်စုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မရှိစေရန် နှင့် စစ်အုပ်စု၏ နိုင်ငံတစ်ဝှမ်း အကြမ်းဖက်လှုပ်ရှားမှုများတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို လက်နက်သဖွယ် အသုံးချမှု မရှိစေရေး သေချာစွာ တားဆီးလုပ်ဆောင်ရန်၊
- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် နည်းပညာပိုင်းဆိုင်ရာ အထောက်အပံ့ပေးရာတွင် ရန်ပုံငွေနှင့် အထောက်အပံ့ပစ္စည်းများကို စစ်အုပ်စုထံသို့ မရောက်ရှိရေးအတွက် တင်းကျပ်တိကျသော လူ့အခွင့်အရေးဆိုင်ရာ ဆန်းစစ်အကဲဖြတ်မှု သေချာစွာ လုပ်ဆောင်ရန်၊
- စစ်အုပ်စု၏ ရက်စက်ကြမ်းကြုတ်သော ဖိနှိပ်မှုများကြောင့် ထွက်ပြေးတိမ်းရှောင်ကြရပြီး တိုင်းရင်းသားဒေသများတွင် ခိုလှုံနေကြရသူများကို အကာအကွယ်နှင့် အကူအညီ အထောက်အပံ့များ ပေးနိုင်ရေး အပါအဝင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို နယ်စပ်ဖြတ်ကျော် လမ်းကြောင်းများ၊ ဒေသခံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကွန်ရက်များ၊ တိုင်းရင်းသား ဝန်ဆောင်မှုပေးသူများ၊ CBO များနှင့် CSO များမှတစ်ဆင့် လွှဲပြောင်းပေးအပ်ရန်၊
- မြန်မာနိုင်ငံအတွက် ကတိပြုထားသော ရန်ပုံငွေထောက်ပံ့မှုများ တိုးမြှင့်ပေးရန်၊
- CBO နှင့် CSO များအတွက် ထားရှိသော ကန့်သတ်ချက်များနှင့် ရှုပ်ထွေးသည့် လိုအပ်ချက်များကို လျှော့ချပေးရန်၊ နှင့် ပဋိပက္ခနှင့်ဆက်စပ်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့ရာတွင် ပြုလွယ်ပြောင်းလွယ် ဖြစ်စေရေး ဖြေလျှော့မှုများ သေချာစွာ လုပ်ဆောင်ပေးရန်၊
- နိုင်ငံတစ်ဝှမ်းတွင် ဖြစ်ပွားနေသော လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို ကိုင်တွယ်ဖြေရှင်းရာတွင် NUG နှင့် EAO တို့နှင့် ဆွေးနွေးတိုင်ပင်ပြီး ၎င်းတို့နှင့် MOU ထိုးရန်၊
- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီ အထောက်အပံ့များ ဖြန့်ဝေရန် နယ်စပ်ဖြတ်ကျော်ပြီး မြေပြင်တွင် လုပ်ဆောင်နေသော CSO များ၊ အောက်ခြေရှိ လူထုအဖွဲ့အစည်းများနှင့် တိုင်းရင်းသား ဝန်ဆောင်မှုပေးသူများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကာ ရန်ပုံငွေထောက်ပံ့မှုများ ပေးနိုင်ရန်အတွက် ဆန်းသစ်သည့် နည်းလမ်းများကို စူးစမ်းရှာဖွေရန်၊
- မြန်မာနိုင်ငံ၏ နယ်စပ်ဖြတ်ကျော်ပြီး ခိုလှုံခွင့်တောင်းခံလာသူများကို ထိုင်းနှင့် အိန္ဒိယအာဏာပိုင်များမှ ပြင်းပယ်ခြင်း မပြုစေရေး ထိုင်းနှင့် အိန္ဒိယနိုင်ငံ အစိုးရများအား တိုက်တွန်းတောင်းဆိုရန်။ လုံခြုံရေး

အဖွဲ့အစည်းများအနေဖြင့် လူသားချင်းစာနာထောက်ထားမှုနှင့် လူ့အခွင့်အရေးဆိုင်ရာ အခြေခံမူများအပေါ် အခြေခံပြီး ဘေးဒုက္ခများမှ ထွက်ပြေးတိမ်းရှောင်လာသည့် ဒုက္ခသည်များ၏ ဝင်ရောက်လာမှုကို ကူညီပံ့ပိုးပေးရမည်။ မည်သူတစ်ဦးတစ်ယောက်မျှ အရေးယူခံရခြင်း၊ ဖမ်းဆီးခံရခြင်း၊ အတင်းအကြပ် ပြန်လည်ပို့ဆောင်ခံရခြင်း (သို့မဟုတ်) လွှဲပြောင်းခံရခြင်း မရှိရပေ၊

- မြန်မာနိုင်ငံသို့ အကူအညီများ ချောမွေ့စွာ ပေးပို့နိုင်ရန်အတွက် ထိုင်းနှင့် အိန္ဒိယနိုင်ငံမှ အာဏာပိုင်များနှင့် ထိတွေ့ဆက်ဆံပြီး အကူအညီများ ပေးနေသော အဖွဲ့အစည်းများနှင့် ဒေသခံ CSO များကို ထိုင်း-မြန်မာ နှင့် အိန္ဒိယ-မြန်မာနယ်စပ် နှစ်ဘက်စလုံးတွင်ရှိသော ဒုက္ခသည်များထံ သွားလာခွင့်ပြုရန်၊ လတ်တလောတွင် ကုလသမဂ္ဂနှင့် ကြက်ခြေနီအသင်း အပါအဝင် အကူအညီပေးရေး အဖွဲ့အစည်းများအတွက် ယင်းသွားလာခွင့်ကို ကန့်သတ်ပိတ်ပင်ထားသည်၊ နှင့်
- စစ်အုပ်စု၏ အကြမ်းဖက်မှုများမှ ထွက်ပြေးတိမ်းရှောင်လာသော မြန်မာပြည်သူများကို COVID-19 ဆိုင်ရာ အကူအညီ အပါအဝင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးရန်အတွက် လိုအပ်သော အရင်းအမြစ်များနှင့် နည်းပညာပိုင်းဆိုင်ရာ အကူအညီများကို အိမ်နီးချင်းနိုင်ငံများအား ပံ့ပိုးပေးရန်။

## COVID-19 ဆိုင်ရာ

- လွတ်လပ်သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများနှင့် အေဂျင်စီများမှ ဆေးဝါးပစ္စည်း နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီ အထောက်အပံ့များ အထူးသဖြင့် PPE ဝတ်စုံများ၊ အသက်ရှူစက်၊ အောက်ဆီဂျင်စက်များနှင့် ကာကွယ်ဆေးများ အပါအဝင် COVID-19 နှင့်ပတ်သက်သော ကျန်းမာရေးဝန်ဆောင်မှုနှင့် အကူအညီအထောက်အပံ့များ သေချာစွာ ဖြန့်ဝေနိုင်ရန်အတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှ အရေးတကြီး ကြားဝင်ဖြေရှင်းလာစေရေး တောင်းဆိုရန်၊
- နည်းပညာအထောက်အကူ၊ ငွေကြေးအထောက်အပံ့နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ အပါအဝင် COVID-19 ကူးစက်မှုနှင့် အခြားရောဂါများ ပျံ့နှံ့မှုကို ကိုင်တွယ်ဖြေရှင်းရေးအတွက် NUG နှင့် EAO တို့နှင့် အနီးကပ် ပုံမှန်ဆက်သွယ် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်ရန်၊
- အောက်ပါအချက်များ လုပ်ဆောင်ရေး မြန်မာစစ်အုပ်စုကို ဖိအားပေးရန် -
    - ကျန်းမာရေးလုပ်သားများနှင့် ကျန်းမာရေးဆိုင်ရာ အထောက်အကူအသုံးအဆောင်များကို တမင်တကာ ပစ်မှတ်ထား တိုက်ခိုက်နေမှုများအား ချက်ချင်းအဆုံးသတ်ရန် နှင့် လက်ရှိမတရားဖမ်းဆီးထိန်းသိမ်းခြင်း ခံထားရသော ကျန်းမာရေးနှင့် နည်းပညာပိုင်းဆိုင်ရာ ဝန်ထမ်းများအားလုံးကို ခြွင်းချက်မရှိ လွှတ်ပေးရန်၊ နှင့်

  - မြန်မာပြည်သူများအားလုံးအတွက် ကျန်းမာရေးဆိုင်ရာ လိုအပ်သော အထောက်အကူ အသုံးအဆောင်များ၊ ဆေးဝါးပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ခွဲခြားဆက်ဆံမှုနှင့် ဘက်လိုက်မှုများ လုံးဝ မရှိဘဲ လက်လှမ်းမီ ရရှိနိုင်ခွင့်ကို သေချာစွာ လုပ်ဆောင်ပေးရန်၊ နှင့်

- မြန်မာနိုင်ငံအတွက် ဆေးဝါးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီအထောက်အပံ့များ အထူးသဖြင့် PPE ဝတ်စုံများ၊ အသက်ရှူစက်များ၊ အောက်ဆီဂျင်စက်များနှင့် ကာကွယ်ဆေးများ အပါအဝင် အလွန်အမင်း လိုအပ်နေသော COVID-19 နှင့်ဆက်စပ်သည့် အထောက်အပံ့များ ကူညီပံ့ပိုးရန်အတွက် ကတိကဝတ်များကို အရေးတကြီး တိုးမြှင့်လုပ်ဆောင်ရန်။